# ဘောလကွတ်ကျေးရွာအုပ်စု၊ ကွေ့ကုန်းကမ်းနားကျေးရွာ
# တိုက်ကြီးမြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(၂၀၁၇ - ၂၀၂၁)

ပြုစုရေးဆွဲသူ

ဘောလကွတ်ကျေးရွာအုပ်စု၊ ကွေ့ကုန်းကမ်းနားကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ဘောလကွတ်ကျေးရွာအုပ်စု၊ ကွေ့ကုန်းကမ်းနားကျေးရွာ၊ တိုက်ကြီးမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်

ကျေးလက်နေပြည်သူများမှ ကူညီရေးဆွဲသည်။

၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ

**မာတိကာ**


မာတိကာ ၁

စကားချီး ၅

ဘောလကွတ်ကျေးရွာအုပ်စု၊ ကွေ့ကုန်းကမ်းနားကျေးရွာသယံဇာတပြမြေပုံ၊ တိုက်ကြီးမြို့နယ် ၇

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ်** ၈

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၈

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၀

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၀

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျား-မ ရေးရာကိစ္စဆိုင်ရာ

(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၃

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၇

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၉

(၇) ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့် ကိစ္စများ ၂၀

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ ၂၂

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

(ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

(ဂ) ဦးစားပေးစီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ
(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၇
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၉
(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ
(၁၁) စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း ၃၀
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ** ၃၀

(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား
ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား
ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ
ဇယား ၆ ဥစ္စာဓနအဆင့်အခြေအနေ
ဇယား ၇ ဈေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ
ဇယား ၈ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၉ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု
(၂) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၄ ကျေးရွာ၏ ရေရင်းမြစ်နှင့် ရေသွင်းဧရိယာ
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား ၂၂ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့်အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော ၁၂ လ အတွင်း ကာကွယ်ဆေး ထိုးနှံမှု
ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေ ရရှိနိုင်မှု
ဇယား ၃၈ အိမ်သာ အမျိုးအစား
ဇယား ၃၉ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေးအခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်း များ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၆၇
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းမျာ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

**နောက်ဆက်တွဲ (၃)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာဆန်းစစ်ခြင်းမှ ဖြေရှင်းနည်းအထိ)** ၇၀

**ကိုးကားစာရင်း** ၇၅

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၆/၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၀၂၁ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများ ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့်နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။


ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏ အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

ဖေဖော်ဝါရီလ၊ ၂၀၁၇

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ကွေ့ကုန်းကမ်းနားကျေးရွာ
တိုက်ကြီးမြို့နယ်

## သောလကွတ်ကျေးရွာအုပ်စု၊ ကွေ့ကုန်းကမ်းနားကျေးရွာသယံဇာတပြမြေပုံ၊ တိုက်ကြီးမြို့နယ်



# အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

## ၁ နိဒါန်း

### (က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်းသည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်း အတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲ အကောင်အထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

**ကျေးရွာဖွံ့ ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း**

ကျွန်ုပ်တို့၏ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသော အချက်များနှင့်အဟန့်အတားဖြစ်စေသော အချက်များ၊ (၅)နှစ်တာကာလအပြီးတွင်ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့် ဆောင်ရွက်မည့်နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင်ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သော အရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေး မိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကိုသိရှိစေရန် မျှော်လင့်ပါသည်။

**နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု**

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့်အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များ အနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့်ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေး မိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်းများကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

## (ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေး စီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှု ရစေကာဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့်လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်း နိုင်မည့်စီမံကိန်းများကို ဦးစားပေးရွေးချယ် ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများပြည့်စုံမှုပေါ် မူတည်၍ နောင်တွင်တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

## (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည် ရန်ကုန်-ပြည် ကားလမ်းမကြီး၏ လက်တံခွဲတစ်ခုဖြစ်သော မြို့ချောင်း-ရွာသာ လမ်းဘေးတွင်တည်ရှိပါသည်။ အုပ်ချုပ်ရေးရုံးစိုက်ရာ တိုက်ကြီးမြို့၏ အနောက်ဘက် (၂၂)မိုင်ခန့် အကွာတွင် တည်ရှိပါသည်။ ကျေးရွာ၏နံဘေးအရှေ့တွင် လှိုင်မြစ်လည်း ရှိပါသည်။ ကျေးရွာသည် မြေပြန့်ဒေသဖြစ်သည့် အလျောက် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ရန် အသင့်အတင့် ကောင်းမွန်ပါသည်။ လှိုင်မြစ်သည် ကျေးရွာသားများ၏ (၄၀%)ခန့်သော မိသားစုဝင်များ၏ စားဝတ်နေရေးကို အထောက်အပံ့ပေးပါသည်။ လျှပ်စစ်မြစ်ရေတင်စီမံကိန်းမှာလည်း စိုက်ပျိုးရေးလုပ်ငန်းအတွက် အထောက်အကူပြုပါသည်။ ဒေသ၏တစ်နှစ်ပျမ်းမျှမိုးရေချိန် ၈၀ လက်မမှ ၁၀၀ ဝန်းကျင်ကြားရရှိပါသည်။ အဓိကအလုပ်အကိုင်များမှာ လှိုင်မြစ်အတွင်း ရေချိုငါးဖမ်းခြင်း၊ စိုက်ပျိုးရေးနှင့် တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ကြပါသည်။ စပါး၊ ပဲစသော သီးနှံများကို သီးထပ်အဖြစ်စိုက်ပျိုးကြပြီး မိသားစုစားဝတ်နေရေးကို ဖြေရှင်းကြပါသည်။ အိမ်ထောင်စု(၂၂)စု သာမဟာဓါတ်အားလိုင်းမှ လျှပ်စစ်စွမ်းအင်ရရှိပါသည်။ ကျန်လျှပ်စစ်မီးမရရှိသော အိမ်ထောင်အများစုမှာ ဆိုလာစွမ်းအင်နှင့် ဓီဝလောင်စာကို အသုံးပြုကြပါသည်။ လျှပ်စစ်မီးမရရှိသော အိမ်ထောင်စုများမှာ ထင်းအဖြစ် သစ်ပင်ခုတ်လှဲခြင်း၊ အခြားလုပ်ငန်းရှင်များမှ ခုတ်လှဲအသုံးပြုခြင်းကြောင့် သဘာဝအရင်းအမြစ်တစ်ခုဖြစ်

သော သစ်တောများ နှစ်စဉ်ပြုန်းတီးလျှက်ရှိပါသည်။ ရာသီဥတု ဖောက်ပြန်မှုကြောင့် လှိုင်မြစ်အတွင်း ရေကြီး ရေလျှံမှုဖြစ်ပေါ်ပြီး မြေပြိုခြင်း၊ မြေဆီလွှာပျက်သုဉ်းခြင်းများ ရှိပါသည်။ ရေကြီးရေလျှံသောကာလတွင် မရှိ ဆင်းရဲသားအိမ်ထောင်စုအချို့မှာ ဝမ်းစာမလုံလောက်သော အခက်အခဲများနှင့် ကြုံတွေ့ရပါသည်။ တိုက်နယ် ဆေးရုံနှင့် (၁)မိုင်အကွာတွင် တည်ရှိသော်လည်း လမ်းပန်းဆက်သွယ်ရေးကြောင့် ထိခိုက်မှု အသင့်အတင့်ရှိ ပါသည်။

## (ခ) သဘာဝအရင်းအမြစ်

လယ်ယာမြေ အသင့်အတင့်ရှိကြပြီး မြေပြန့်ဒေသဖြစ်ကာ မြေဆီလွှာအသင့်အတင့် ကောင်းမွန်သည်။ ကျေးရွာတွင် သဘာဝသယံဇာတ မထွက်ရှိပါ။ တောင်သူအချို့မှာ လျှပ်စစ်မြစ်ရေတင်မှ စိုက်ပျိုးရေရှိကာ ရေသွင်းစိုက်ပျိုးနိုင်သည်။ မြေအောက်ရေအသုံးပြုမှု မရှိသလောက် နည်းပါးပါသည်။ မတ်ပဲကို အဓိက စိုက် ပျိုးကြပါသည်။ လှိုင်မြစ်အတွင်း ရေချိုငါးဖမ်းလုပ်ငန်းကိုလည်း အဓိကလုပ်ကိုင် စားသောက်ကြပါသည်။

## ၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

## (က) လူဦးရေဆိုင်ရာ အချက်အလက်များ

အိမ်ထောင်စုပေါင်း (၁၂၈)စုနှင့် ကျား(၂၂၇)၊ မ(၂၄၀)ဦးဖြင့် လူဦးရေပေါင်း (၄၆၇)ဦးရှိကာ တစ်အိမ် ထောင်လျှင် ပျမ်းမျှ(၃.၉)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင် ပျမ်းမျှနှုန်း(၅)ဦးထက် လျော့နည်းသည်။ ကျေးရွာတွင် ဗုဒ္ဓဘာသာ ဗမာလူမျိုးများနေထိုင်ကြပြီး အလုပ်လုပ်နိုင်သောအရွယ်သည် ကျေးရွာရှိ လူဦးရေ ပေါင်း၏ (၆၄%)ခန့်ရှိသဖြင့် လူသားအရင်းအမြစ်ကောင်း တစ်ရပ်ဖြစ်ကာ လူငယ်များကို နည်းပညာ၊ ဗဟုသုတများ လေ့ကျင့်သင်ကြားပေးခြင်းဖြင့် ကျေးရွာဒေသရှိ စီးပွါးရေးကို တိုးတက်အောင် စွမ်းဆောင်နိုင် သည်။ အလုပ်လုပ်နိုင်သော အရွယ်ရှိ အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် ပိုများကြောင်း တွေ့ရှိရပါ သည်။

## (ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းမှာ ရေချိုငါးဖမ်းလုပ်ငန်းနှင့် စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေ အနေအထားမှာ သာမန်အားဖြင့် လျော့နည်းပါ သည်။ ဆင်းရဲချမ်းသာအဆင့် သတ်မှတ်မှုတွင် အိမ်ထောင်စု အားလုံး၏ (၈၅%)သည် ဆင်းရဲနှင့် အလွန်ဆင်းရဲ အိမ်ထောင်စုအဆင့်အဖြစ် ခံယူကြပြီး (၆%)သည် ချမ်းသာ သောအဆင့်၊ (၈%)သည် အလယ်အလတ်အဆင့် ရှိကြသည်ဟု သတ်မှတ်ကြသည်။ ကျေးရွာတွင် လယ်ယာမြေ ပိုင်ဆိုင်မှု၊ လက်လှမ်းမှီမှု၊ လယ်ယာသုံး စက်ကရိယာများ ပိုင်ဆိုင်မှုနှင့် ဆည်ရေသွင်း စိုက်ပျိုးခြင်းနှင့် ငါးဖမ်းလုပ်ငန်းများမှာ ကျေးရွာစီးပွားရေး အနေအထားမှာ အသင့်အတင့် ကောင်းသည်ဟုပြောနိုင်သည်။ ချမ်းသာသော လယ်သမားအိမ် ထောင်စုများအပြင် အခြားလယ်သမား အိမ်ထောင်စု အချို့မှာလည်း လက် သမား၊ ပန်းရံ၊ ငါးဖမ်းလုပ်ငန်းများတွင်လည်း ပါဝင်ဆောင်ရွက်ကြပါသည်။ ငွေချေးသော အိမ်ထောင်စု အချို့နှင့် အစိုးရဝန်ထမ်းအချို့လည်း ငွေရေးကြေးရေး အသင့်အတင့် အဆင်ပြေကြသည်။

ယင်းတို့အနက် ကျေးရွာတွင် ဆင်းရဲအဆင့်သည် အများဆုံးဖြစ်ပြီး မြေယာအနည်းငယ်ပိုင်သော လယ်သမားများ၊ လက်လုပ်လက်စား၊ ငါးဖမ်းလုပ်ငန်းခွင် လုပ်သားများနှင့် မြေယာမဲ့အိမ်ထောင်စုများ ပါဝင် သည်။ ကျေးရွာတွင်း၌ မြေယာမဲ့အိမ်ထောင်စု အရေအတွက်မြင့်မားပြီး (၄၂%)ရှိပြီး ဆင်းရဲနှင့် အလွန်ဆင်းရဲ အဆင့်ရှိ အိမ်ထောင်စုများ ဖြစ်ကြသည်။

## (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စု များပြားသော်လည်း ရာသီအလိုက် လယ်ယာလုပ်ငန်း၊ ငါးဖမ်းလုပ်ငန်း၊ လက်လီ၊ ခေါင်းရွက်ဗျပ်ထိုးလုပ်ငန်းများ၊ တနိုင်တပိုင် မွေးမြူရေးလုပ်ငန်းများတွင် အလုပ်အကိုင် ရှာဖွေရရှိနိုင်ကြသည်။ ကျေးရွာမှ ဆင်းရဲနှင့် အလွန်ဆင်းရဲ အိမ်ထောင်စုများ၏ (၃၀%)ဖြစ်သော အိမ်ထောင်စု(၃၀)စုကို လေ့လာဆန်းစစ်မှုအရ ယင်းတို့၏(၉%)မှာ သူတစ်ပါးထံမှ ချေးငှားပြီး နပ်မှန်စားသုံးနိုင်ကြောင်း တွေ့ရသည်။ (၄၀%)မှာ သူတစ်ပါးထံမှ မချေးငှားဘဲ (၃)လခန့် စားသုံးနိုင်ပြီး၊ (၃၃%)မှာ (၃)လမှ(၅)လခန့်၊ (၂၇%)မှာ (၆)လမှ(၁၂)ခန့် သူတစ်ပါးထံမှ ချေးငှားစရာမလိုဘဲ နပ်မှန်စားသုံးနိုင်ကြောင်း တွေ့ရှိရပါသည်။ အကြွေးတင်ရှိမှုတွင် တွေ့ဆုံခဲ့သော အိမ်ထောင်စုအားလုံးသည် အကြွေးငွေ ၃၀၀၀၀/- ကျပ်မှ ၁၂၀၀၀၀၀/- ကျပ်အထိ တင်ရှိနေကြသည်။

အိမ်ထောင်စု အချို့သည် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများဖြစ်ကြပြီး ထိုအိမ်ထောင်စုများမှာဆင်းရဲကာ မိသားစုဦးရေ (၄)ယောက်ခန့် ရှိကြသည်။ အလားတူ အိမ်ထောင်ဦးစီးက ကျေးရွာပြင်ပသို့ သွားရောက်ပြီး အလုပ်လုပ်နေသောကြသော အိမ်ထောင်စုမှာ မရှိသလောက်နည်းပါးပြီး တစ်ခုလပ်၊ မုဆိုးဖိုဦးဆောင်သည့် အိမ်ထောင်စုသည် ဆင်းရဲပြီးထိခိုက်လွယ်သော အိမ်ထောင်စုများဖြစ်ကြပါသည်။ ကျေးရွာပြင်ပသို့သွားရောက်ပြီး ဝင်ငွေရရှိရေးအတွက် အလုပ်သွားရောက် လုပ်ကိုင်ကြသည့် လူငယ်လူရွယ်များသည် လိင်မှတဆင့်ကူးစက်တတ်သည့် ရောဂါများ၊ အရက်နှင့် မူးယစ်ဆေးဝါးသုံးစွဲမှု အန္တရာယ်တို့ ရှိတတ်ကြသည်။

## (ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှု အသင့်အတင့်ရှိကြသည်။ ကလေးငယ်အများစုလည်း ကျန်းမာကြသည်။ သွေးလွန်တုပ်ကွေးရောဂါမှာ ယခုနှစ်ပိုင်းတွင် ဖြစ်ပွါးမှုရှိကြောင်းတွေ့ရသည်။ အမျိုးသမီး၊ လူငယ်လူရွယ်၊ သက်ကြီးပိုင်း တို့သည်လည်း တစ်ကိုယ်ရည် သန့်ရှင်းမှုနှင့် ကျန်းမာရေးအသိအမြင်များ ရှိကြသည်။ ကျေးရွာသားများအနေဖြင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကို ကျေးရွာတွင်ရရှိနိုင်ကြပြီး (၁)မိုင်ခန့်ကွာဝေးပြီး ကားလမ်းဖြင့် အလွယ်တကူသွားလာနိုင်သော မြို့နယ်ဆေးရုံ၊ ဆေးဆိုင်များနှင့်လည်း လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သောကြောင့် လက်လှမ်းမီမှုရှိပါ သည်။

ကျေးရွာတွင် လက်နှိပ်တုံကင်၊ မော်တာသုံးတုံကင်များမှ မြေအောက်ရေကို အလွယ်တကူ ရရှိနိုင်ကြပြီး ဝမ်းပျက်၊ ဝမ်းလျှော၊ တိုက်ဖွိုက်၊ အစာအိမ်ရောင် စသောရောဂါ ဖြစ်ပွါးမှုများ နည်းပါးကြောင်းတွေ့ရသည်။

## (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အတော်အသင့်ရှိကြောင်း တွေ့ရှိရပါသည်။ ရွာသားအများစုသည် အခြေခံ အရေး၊ အဖတ်၊ အတွက်တို့ကို တတ်မြောက်ကြပြီး ဘွဲ့ရအရေအတွက် အသင့်အတင့် ရှိကြပါ သည်။ ကျေးရွာတွင် အခြေခံပညာရေးကို ရွာထဲရှိ မူလတန်း၊ တော်လတီကျေးရွာရှိ အထက်တန်းကျောင်းတို့တွင် တက်ရောက်သင်ကြားနိုင်ကြသည်။ သို့သော် အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်းများ နည်းပါးဆဲဖြစ်သည်။

## (စ) ကျား-မ ရေးရာကိစ္စဆိုင်ရာ

ကျေးရွာတွင် ကျား-မ ရေးရာကိစ္စဆိုင်ရာ အနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျား-မ ရေးရာဆိုင်ရာ တာဝန်ယူမှု အပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းစွာသတ်မှတ်ထားကြသည်။ ကျေးရွာတွင် ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများ မတွေ့ရပါ ။

ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေး တူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ ပညာရေးနှင့်ဆိုင်သော ကိန်းဂဏန်းများတွင် မူလတန်းအဆင့်၌ မိန်းကလေးအရေအတွက်သည် ယောက်ျားလေးအရေအတွက်ထက် နည်းနေသော်လည်း အလယ်တန်းနှင့် အထက်တန်းများတွင် မိန်းကလေးဦးရေသည် ယောက်ျားလေးဦးရေထက် ပိုများနေ၍ အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာ အမျိုးသားများနှင့် အတူတူပင်ဖြစ်သည်။ သို့သော် ကျေးရွာတွင် နေ့တွက်လုပ်အားခငွေများမှာ အမျိုးသားများက ပိုမိုရကြသည်။ ဥပမာအားဖြင့် လုပ်အားသဘာဝနှင့် အင်အားစိုက်ထုတ်ရမှု တူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားခလျော့နည်းပြီးရကြသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်မူ အမျိုးသမီးပါဝင်မှုတို့မှာ အလွန်လျော့နည်းလျှက်ရှိသည်။ ကျား-မ တန်းတူညီမျှမှုနှင့် ပါတ်သက်၍ အသိပညာပေးခြင်းများ မြင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား-မ တန်းတူ ညီမျှမှု၊ ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ ဖြစ်လာနိုင်ပါသည်။

## ၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် လူမှုရေးဆိုင်ရာအဖွဲ့အစည်း (၅)ဖွဲ့၊ ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ(၁)ဖွဲ့နှင့် စီးပွားရေးဆိုင်ရာအဖွဲ့(၁)ဖွဲ့တို့ ရှိပါသည်။ ယင်းအဖွဲ့အစည်းများအနက် ပြင်ပမှဖွဲ့စည်းပေးသော လူမှုရေးဆိုင်ရာအဖွဲ့ ဖြစ်သည့် အမျိုးသမီးရေးရာအဖွဲ့မှာ လှုပ်ရှားဆောင်ရွက်မှု အားနည်းသည်။ နာရေးကူညီမှုအသင်းမှာ နာရေးကိစ္စအပါအဝင် လူမှုရေးလုပ်ငန်းများကို ဆောင်ရွက်လျှက်ရှိပြီး လှုပ်ရှားဆောင်ရွက်မှု အားကောင်းသည်။ မြန်မာ့အသေးစားငွေကြေးအဖွဲ့ကို ပြင်ပမှဖွဲ့စည်းပေးထားပြီး အသေးစားငွေစုငွေချေးလုပ်ငန်းကို လည်ပတ်ဆောင်ရွက်လျက်ရှိသည်။ ကျေးရွာရှိ အဆိုပါအဖွဲ့အစည်းများမှာ တစ်ဖွဲ့နှင့်တစ်ဖွဲ့အကြား ချိတ်ဆက်ဆောင်ရွက်မှု၊ အဖွဲ့အစည်းဆိုင်ရာ သဘောတရားတို့နှင့် ပတ်သက်၍ အားနည်းကြပြီး အဖွဲ့အစည်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု ပိုမိုတိုးတက် ကောင်းမွန်လာနိုင်ပါသည်။

### (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် စပါးနှင့် မတ်ပဲကို အဓိကထား စိုက်ပျိုးကြသည်။ မိုးစပါးစိုက်ဧက (၅၀)ရှိပြီး သီးထပ်အဖြစ် မတ်ပဲ(၅၀)ဧကနှင့် နွေစပါး(၁၀)ဧကခန့်ကို စိုက်ပျိုးကြသည်။ မိုးစပါးပျမ်းမျှ အထွက်နှုန်းမှာ (၅၅) တင်း၊ နွေစပါး(၄၅)တင်းနှင့် မတ်ပဲ(၉)တင်းနှုန်းတို့ ထွက်ရှိကြသည်။ နွေစပါးစိုက်ဧက (၁၀)ကို သပြေတန်းလျှပ်စစ်မြစ်ရေတင်မှ ရေသွင်းစိုက်ပျိုးကြသည်။ လျှပ်စစ်မြစ်ရေတင်မှ ရေရရှိသော်လည်း နွေစပါးစိုက်ပျိုးမှုနည်းကာ စပါးနှင့် မတ်ပဲကို အဓိက စိုက်ပျိုးကြသည်။

စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုများရရှိနိုင်ကြပြီး စိုက်ပျိုးရေးပစ္စည်း ကုမ္ပဏီများမှလည်း တောင်သူများအတွက် ဝန်ဆောင်မှုများပေးသည်။ တောင်သူအများစုသည် လယ်ယာလုပ်ငန်းခွင်အတွက် အလုပ်သမား မလုံလောက်မှုပြဿနာကို ရင်ဆိုင်ရတတ်ပြီး လုပ်အားခပိုမိုပေးမှ အလုပ်သမားများကို ငှားရမ်းရရှိနိုင်ကြကာ ကုန်ကျစရိတ် မြင့်မားရသည်။ တချို့တောင်သူများမှာ အလုပ်သမားရှားပါးမှုနှင့် ကုန်ကျစရိတ်မြင့်တက်မှုတို့ကို ကျော်လွှားနိုင်ရန် စပါးစိုက်ရာတွင် ကြဲပက်စနစ်ကို သုံးကြသည်။ တောင်သူများသည် တခါတရံတွင် မိုးရွာသွန်းမှု မညီမျှမှု ရင်ဆိုင်ရတတ်သည်။ မတ်ပဲစိုက်ခင်းများတွင် ဖျက်ပိုးကျရောက်မှုကို ပိုမိုတွေ့ရပြီး ယင်းဖျက်ပိုးများသည် ပိုးသတ်ဆေးတချို့ကို ခံနိုင်စွမ်းရှိကြသဖြင့် တောင်သူများအနေဖြင့် ထိရောက်သော ဖျက်ပိုးနှိမ်နင်းရေးနည်းစနစ်ကို လိုလားနေကြသည်။

ငါးဖမ်းလုပ်ငန်းလုပ်ကိုင်သော ရေလုပ်သားများမှာ တစ်ရွာလုံး၏(၄၉%)ခန့် ရှိပါသည်။ ငါးဖမ်းရာတွင် ငါးလုပ်ငန်းဦးစီးဌာနမှ ခွင့်ပြုချက်လိုင်စင်ရှိမှသာ ဖမ်းခွင့်ရကြပါသည်။ ငါးဖမ်းပစ္စည်းများအတွက် ချေးငွေနှင့်

ငါးဖမ်းပစ္စည်း အထောက်အကူပြုရန် လိုလားကြသည်။ အဘယ်ကြောင့်ဆိုသော် ရေလုပ်သားများသည် မိမိတို့၏အရင်းအနှီးအတွက် ကျေးရွာတွင်းရှိ အပေါင်ဆိုင်နှင့် ငွေချေးသူများထံမှ အတိုးနှုန်းကြီးစွာဖြင့် ချေးယူရသောကြောင့် ဖြစ်ပါသည်။

ကျေးရွာတွင် ဝက်မွေးမြူသူအိမ်ထောင်စု အရေအတွက်မှာ တစ်ရွာလုံး၏ (၁၂%)ဝန်းကျင်သာရှိပြီး သည် ဒေသမှရရှိသည့် ဝက်မျိုးများကိုသာ မွေးမြူကြသည်။ ဒေသကြက်မွေးမြူသည့် အိမ်ထောင်စုသည် တစ်ရွာလုံး(၄၀%)ခန့်ရှိပြီး ဈေးကွက်တွင် ဝယ်လိုအားရှိသည်။ ရာသီအလိုက်ဖြစ်ပွားတတ်သော တိရစ္ဆာန်ရောဂါများမှာ အထူးသဖြင့် ကြက်လည်လိမ်ရောဂါသည်အဖြစ်များပြီး ရောဂါကြောင့် သေဆုံးပျက်စီးမှုများဖြစ်ပေါ်ပြီး အရင်းအနှီးများ ပျောက်ဆုံးတတ်ပါသည်။ နည်းပညာဝန်ဆောင်မှုကို မြို့နယ်မွေးကုဦးစီးဌာနမှရရှိနိုင်သော်လည်း ဝန်ထမ်းမလုံလောက်မှုကြောင့် လွှမ်းခြုံဆောင်ရွက်ပေးနိုင်မှု အားနည်းသည်။ မွေးမြူရေးလုပ်ငန်းပိုင်းဆိုင်ရာ အဟန့်အတားများအနေဖြင့် ဆင်းရဲသောအိမ်ထောင်စုများက မွေးမြူရေးလုပ်ငန်း တည်ထောင်၊ တိုးချဲ့ဆောင်ရွက်ရန် ချေးငွေကို အလွယ်တကူ မရရှိနိုင်ကြချေ။ ရွာထဲမှငွေချေးသူများထံမှ ချေးငှားလျှင်လည်း အတိုးနှုန်းမှာ မြင့်မားတတ်သည်။ ကျေးရွာတွင် ငါးမွေးမြူရန် ရေ၊ မြေနေရာ အဆင်မပြေသောကြောင့် ငါးမွေးမြူရေးလုပ်ငန်းများ မရှိပါ။

## (ဂ) စိုက်ပျိုး၊ မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းမရှိပါ။ အခြားဝင်ငွေရ လုပ်ငန်းများမှာ နေ့စားအလုပ်များ၊ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ၊ ဈေးရောင်း၊ ခေါင်းရွက်ဗျက်ထိုး၊ အစိုးရဝန်ထမ်းလုပ်ငန်းတို့ ဖြစ်ကြသည်။ အခြားလုပ်ငန်းအများစုမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက် တွက်ခြေကိုက်မှု အနည်းအပါးမှ အသင့်အတင့် အနေအထားတွင်ရှိသည်။ လက်လုပ်လက်စားအလုပ်များမှာ စိုက်ပျိုးရာသီနှင့် သီးနှံပေါ်ချိန်များတွင်သာ အလုပ်အကိုင်များပြီး ကျန်အချိန်များတွင် အလုပ်အကိုင်နှင့် ဝင်ငွေမမှန်ခြင်းကြောင့် တွက်ခြေကိုက်မှု နည်းပါးသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေများပြားပြီး ထိုအခြေအနေမှာ ကျေးရွာ၏ အလားအလာကောင်းတစ်ရပ်ဖြစ်သည်။ မြို့ပေါ်တွင် အသက်မွေးဝမ်းကျောင်းသင်တန်းအချို့ကို ဝန်ဆောင်မှုပေးနိုင်သော လုပ်ငန်းများရှိကြသည်။ အပ်ချုပ်၊ ဇာထိုးပန်းထိုး၊ ဆံပင်အလှပြင်၊ မုန့်လုပ်နည်း၊ မော်တော်ဆိုင်ကယ်ပြင်၊ မိုဘိုင်းဖုန်းပြင်၊ ကားမောင်း၊ ဝပ်ရှော့စသည်တို့သည် အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖြစ်ကြသော်လည်း ရွာသားအများစုသည် အဆိုပါသင်တန်းများနှင့် အထိအတွေ့ နည်းပါးကြသည်။ လုပ်ငန်းခွင်သုံးပညာအရည်အချင်းပိုင်းတွင်လည်း အနည်းငယ်နိမ့်ကျကြပြီး သင်တန်းစရိတ် အကုန်အကျခံရန်နှင့် လုပ်ငန်းထူထောင်ရန်လည်း မတတ်နိုင်ကြချေ။ ငွေကြေးအဆင်ပြေသော အိမ်ထောင်စုအချို့သာ အပ်ချုပ်၊ စက်ပြင်စသော သင်တန်းများသို့ အခကြေးငွေ အကုန်အကျခံကာ ပို့လွှတ်သင်ကြားကြသည်။

## (ဃ) သဘာဝပတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာတွင် မတ်ပဲစိုက်ခင်းများတွင် ဖျက်ပိုးများ ကျရောက်တတ်ခြင်းကြောင့် ပိုးသတ်ဆေးနှင့် ဓာတုမြေသြဇာသုံးစွဲမှုများပြားသဖြင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာနိုင်သည်။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေးစနစ်အစား ဓါတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှုများပြားသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလစတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျမစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။

## (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှတောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသောချေးငွေကို တစ်ရာကျပ်လျှင် အတိုးနှုန်း(၀.၆၇)ပြားနှုန်းဖြင့် တစ်ဧက တစ်သိန်းငါးသောင်းကျပ်နှုန်းဖြင့် အများဆုံးဆယ်ဧကအတွက် ချေးယူနိုင်ကြသည်။ ကျေးရွာတွင် အခြားသော ချေးငွေအဖြစ် သမဝါယမဘဏ်မှလည်း ချေးပေးပါသည်။ အသင်းသား(၅၀)ဦးဖြင့် ဖွဲ့စည်းထားပြီး တစ်ဦးလျှင်(၂၀၀၀၀)ကျပ်ဖြင့် အတိုးနှုန်း(၁.၅၀)ပြားနှုန်းဖြင့် ချေးယူနိုင်ပါသည်။ (၆)လတစ်ကြိမ် အတိုးပေး၍ အသင်းဝင်ကန့်သတ်ချက် ရှိပါသည်။ စည်းကမ်းပိုင်းတွင်လည်းတင်းကြပ်ထားသည်။

ရေလုပ်သားများအတွက် ချေးငွေကို အစိုးရမှမရှိသော်လည်း ကျေးရွာအတွင်းရှိ ငွေချေးသူများထံမှ (၁၀၀၀၀၀)ကျပ်လျှင် တစ်လ(၇၀၀၀)ကျပ်မှ (၈၀၀၀)ကျပ်အထိ ပေးဆောင်ကာ ငွေချေးရပါသည်။ အခြားမရှိ ဆင်းရဲသားအများစုမှာ မိတ်ဆွေ၊ မိသားစုဝင်များထံမှ (၁၀၀၀၀၀)ကျပ်လျှင် တစ်လ(၆၀၀၀)ကျပ်မှ (၇၀၀၀)ကျပ် အထိ အတိုးပေးခြင်း၊ လုပ်အားခကြိုတင်ငွေ ထုတ်ယူခြင်းများ တွေ့ရပါသည်။

ကျေးရွာသား အများစုသည် ချေးငွေကို အကြောင်းရင်းမျိုးစုံ (ရိက္ခာ၊ ကျန်းမာရေး၊ ပညာရေး၊ ရင်းနှီးမြှပ်နှံ)တို့အတွက် အထူးသဖြင့် စားနပ်ရိက္ခာအတွက် ချေးယူကြပြီး ကျေးရွာတွင် ချေးငွေလိုအပ်ချက် များပြားကြောင်းတွေ့ရှိရပါသည်။ ကျေးရွာတွင် အကြွေးထားရှိမှု အနေအထားကို လေ့လာဆန်းစစ်ခဲ့ချက်အရ ပါဝင်သော ဆင်းရဲနှင့် အလွန်ဆင်းရဲ အိမ်ထောင်စုများအားလုံးသည် အကြွေးယူထားကြပြီး အကြွေးငွေ နှစ်သိန်းငါးသောင်းကျပ်မှ ဆယ်သိန်းကျပ်အထိ ချေးယူထားကြောင်း တွေ့ရှိရသည်။ ထိုအိမ်ထောင်စုများ၏ (၉၇%)သည် အကြွေးငွေ ငါးသိန်းအောက်ချေးယူထားပြီး (၃%)သည် ငါးသိန်းအထက် ချေးယူထားကြောင်းကိုတွေ့ရသည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် မူလတန်းကျောင်းကို အလျား ၁၂၀ ပေ၊ အနံ ၂၈ ပေ၊ အမြင့် ၁၈ ပေ အရွယ်ရှိ သွပ်မိုး၊ ပျဉ်ကာနှင့် ပျဉ်ခင်း ကျောင်းဆောင်တွင် သင်ကြားပေးသည်။ ရွာသားအားလုံးမှာ ရေးတတ် ဖတ်တတ်ကြပြီး ကျေးရွာရှိ လူကြီးအချို့မှာ ဘုန်းကြီးကျောင်းပညာရေးကိုသာ ရရှိထားကြသည်။ ကျေးရွာတွင် မူလတန်းအောင်ရာခိုင်နှုန်းလည်း အသင့်အတင့်ရှိပါသည်။ အလယ်တန်းပညာရေးပြီးဆုံးသူလည်း များလာပါသည်။ ယခုနှစ်ကျောင်းအပ်နှံသည့်နှုန်းထားသည် ကျေးရွာရှိ မူလတန်းအရွယ်နှင့် အလယ်တန်းအရွယ်ရှိသူ အရေအတွက်ထက်ပိုနေကြောင်းတွေ့ရှိရပါသည်။ မူလတန်းတွင် (၉)နှစ်အထိ၊ အလယ်တန်းတွင်(၁၄)နှစ်နှင့် အထက်ကြီးသော ကျောင်းသားများပါရှိခြင်း၊ အနီးအနားရှိ ကျေးရွာများမှ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်နေခြင်းကြောင့်ဖြစ်သည်။ ကျောင်းတွင် ပရိဘောဂတို့ လုံလောက်မှုရှိပြီး မူလတန်းပြ ဆရာမ(၃)ဦး၊ ဆရာ(၂)ဦးရှိကြသည်။ ကျောင်းတွင် ဆရာ/ဆရာမအချိုးသည် ကျောင်းသား(၄၀:၁)အတိုင်းရှိပြီး ဆရာ/ဆရာမအင်အားလုံလောက်မှုရှိသည်။ သင်ထောက်ကူပစ္စည်းနှင့် အားကစားကွင်းမှာဖြင့် လုံလောက်မှုမရှိသေးပါ။ လွန်ခဲ့သောကျောင်းဖွင့်ရာသီက မူလတန်းကျောင်းသားများအတွက် ပြဌာန်းစာအုပ်များနှင့် လေ့ကျင့်ခန်းစာအုပ်များကို အခမဲ့ ပံ့ပိုးပေးခဲ့သည်။

ကျေးရွာတွင် ကျန်းမာရေးအတွက် ကျေးလက်ဆေးပေးခန်းမရှိပါ။ ကျေးရွာ၏ (၁)မိုင်အကွာတွင် ဆေးရုံ၊ ဆေးခန်း၊ ဆေးဆိုင်များ ဖွင့်ထားသဖြင့် ကျေးရွာနေလူထုကျန်းမာရေးမှာ အလွန်စိုးရိမ်ရမှု မရှိပါ။ ကျေးရွာတွင် လျှပ်စစ်မီးရရှိသောကြောင့် အအေးခန်းသိုလှောင်ရန် လိုအပ်သောဆေးများအတွက် ရေခဲသေတ္တာသုံးပြီး သိုလှောင်ထားနိုင်ပါသည်။

သောက်ရေအတွက် ကျေးရွာဘုန်းတော်ကြီးကျောင်းတွင် ရေတွင်း(၁)တွင်း၊ လက်နှိပ်ရေတုံကင်နှင့် မော်တာသုံးရေတုံကင်များ တပ်ဆင်သုံးစွဲကြပြီး လှိုင်မြစ်မှ ရေလုံလောက်စွာ ရရှိပါသည်။ ချမ်းသာသော အိမ်ထောင်စုများက အိမ်သာကျင်းကို အုတ်ဖြင့်ဆောက်လုပ်ထားကြပြီး ဆင်းရဲသော အိမ်ထောင်စုများက ဝါးရိုင်ပတ်ဖြင့် ဆောက်လုပ်သုံးစွဲကြသည်။ အလွန်ဆင်းရဲအိမ်ထောင်စုများက ကျင်းတက်အိမ်သာ အသုံးပြုကြ

ပါသည်။ တစ်ရွာလုံး၏ (၈၀%)နီးပါး ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲကြသဖြင့် ရေကြောင့်ဆက်စပ် ဖြစ်ပွါး တတ်သော ရောဂါဖြစ်ပွါးမှုများ နည်းပါးသည်။ စာသင်ကျောင်းတွင်လည်း ယင်လုံအိမ်သာ စနစ်တကျ ဆောက်လုပ်ပေးထားပြီး ရေအတွက် စက်တပ်တုံကင်ကို စနစ်တကျ တည်ဆောက်ပေးထားပါသည်။

### (ဆ) လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့် အနေအထား သီးသန့်မရှိပေ။ သူတို့သည် ကျေးရွာရှိ လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင် ဆောင်ရွက်ကြပြီး ဘာသာရေးပွဲတော်များတွင်လည်း ရိုးရာအက များဖြင့် တင်ဆက်ပါဝင်ကြသည်။ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် ဆောင်ရွက်သည့် ဖွံ့ဖြိုးရေးလုပ်ငန်း သီးသန့်ဖော်ဆောင်ခြင်း မရှိသေးချေ။

### (ဇ) အခြေခံ အဆောက်အဦ - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင်းရှိ ရွာတွင်းလမ်းမှာ မြေသားလမ်းဖြစ်ပြီး ထော်လာဂျီများကို အသုံးပြုမောင်းနှင်ကြ သည်။ လမ်းပန်းဆက်သွယ်ရေးအတွက် မော်တော်ဆိုင်ကယ်(၂၁)စီးနှင့် စက်ဘီး(၄၀)စီး၊ ထွေလာဂျီ(၂)စီးနှင့် ထရပ်ကား(၁)စီး၊ ဒိုင်နာ(၁)စီးတို့ကို အသုံးပြုလျက်ရှိကြသည်။

ကျေးရွာတွင် လျှပ်စစ်မီးကို ၂၀၁၃ ခုနှစ်မှစ၍ ဆက်သွယ်ထားရှိပြီး ကျေးရွာရှိ အိမ်ထောင်စုအားလုံး၏ ၄၀% ခန့် သွယ်တန်းအသုံးပြုနေကြပြီးဖြစ်သည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှု ဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမီ အသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက် အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာ ကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက် အသုံးပြုနိုင်သည်။ ရွာသားများသည် သတင်းစာ၊ ဂျာနယ်တို့ကိုလည်း ဝယ်ယူဖတ်ရှုကြပြီး တစ်ရွာလုံး အတိုင်း အတာဖြင့် တယ်လီဖုန်းနှင့် သတင်းဆက်သွယ်ရေးမှာ အတော်အသင့် ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။

### (ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

ကျေးရွာနှင့် (၃)ဖါလုံအကွာခန့်တွင် ပြည်သူ့လုံခြုံရေးအတွက် ကာကွယ်ပေးသော ရဲတပ်ဖွဲ့စခန်းတစ်ခု ရှိပါသည်။ ထို့ကြောင့် ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွါးမှု နည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည် ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ သို့သော်ရွာသားများသည် မိုဘိုင်းတယ်လီဖုန်း ဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီး လိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလို ဆက်သွယ်သိရှိနိုင်သည်။ အာမခံစနစ်ကို ချိတ်ဆက်အသုံးပြုနိုင်သော်လည်း ချိတ်ဆက်ဆောင်ရွက်ထားသူ မရှိသလောက်ပင်ဖြစ်သည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ် လျော့ပါးရေးအစီအစဉ် သီးသန့်ရေးဆွဲထားခြင်း မရှိပါ။ ရွာသားများသည် ရဲစခန်းသို့ အလွယ်တကူ ချိတ်ဆက်နိုင်ပြီး ကျေးရွာတွင် ရာဇဝတ်မှု ဖြစ်ပွါးခြင်းနည်းပါးသည်။

## ၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

### (က) ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ

ကျေးရွာတွင် လျှပ်စစ်မီးကို မဟာဓာတ်အားလိုင်းမှ ချိတ်ဆက်သုံးစွဲနိုင်ကြသဖြင့် ယခင်အခြေအနေ များထက် ထင်းသက်သာခြင်း၊ အချိန်ကုန်သက်သာခြင်း ရရှိပါသည်။ လျှပ်စစ်မီးဖိုဖြင့် ချက်ပြုတ်ခြင်း၊ ကျောင်းသူ/ကျောင်းသားများအတွက် စာဖတ်ချိန် အထောက်အပံ့ဖြစ်ခြင်းစသော လူနေမှုအဆင့်အတန်း မြင့်မားလာရေး အတွက် အထောက်အကူပြုနေသည်။

လူငယ်ပညာတတ်များရှိပြီး လူဦးရေအားလုံး၏ ၆၅% မှာ အလုပ်လုပ်နိုင်သည့် အရွယ်များဖြစ်ကြ သည်။ ဘွဲ့ရအရေအတွက်နှင့် အထက်တန်းပညာရေး အောင်မြင်သူ အသင့်အတင့်ရှိပြီး ကျွမ်းကျင်မှုနှင့် အသက် မွေးဝမ်းကျောင်းသင်တန်းများကို လူငယ်များကို လေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်များကို

တိုးတက်ကောင်းမွန်စေပါသည်။ ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေမှာ ယေဘုယျအားဖြင့် ကောင်းမွန်ပြီး ကျန်းမာရေးပံ့ပိုးပစ္စည်းများနှင့် ဝန်ဆောင်မှုများသို့လည်း အလွယ်တကူ လက်လှမ်းမီနိုင်ကြသည်။ ကျေးရွာသားများအနေဖြင့် စိုးရိမ်ရသော ဆေးဝါးကုသလိုမှုအတွက်လည်း တော်လတီတိုက်နယ်ဆေးရုံ၊ တိုက်ကြီးမြို့နယ်ဆေးရုံများသို့ သွားရောက်ပြီး ဆေးကုသမှုများ ခံယူနိုင်ကြသည်။ ကျေးရွာတွင် စာသင်ကျောင်းနှင့် ပံ့ပိုးပစ္စည်းများမှာ လက်ရှိပညာရေး အနေအထားအတွက် ကောင်းသော အဆင့်တွင်ရှိနေကြသည်။

သဘာဝအရင်းအမြစ်များတွင် လယ်မြေများသည် မြေပြန့်ဖြစ်ပြီး မြေဆီသြဇာ အတော်အသင့်ကောင်းမွန်သည်။ တောင်သူများလည်း လယ်ယာထွက်ကုန်များကို အလွယ်တကူ သယ်ယူပို့ဆောင်ပေးနိုင်သည်။ သို့သော် ဆန်စပါးဈေးကွက်နှင့် လက်လှမ်းမမီသဖြင့် ဈေးကောင်းမရကြပါ။ မိုးရွာသွန်းမှုမှာ စပါးနှင့် ဆောင်းသီးနှံများစိုက်ပျိုးရန် အထောက်အပံ့ဖြစ်သည်။ ကျေးရွာတွင် ရေလမ်းဆက်သွယ်ရေး၊ ကုန်းလမ်းဆက်သွယ်ရေးတို့မှာ ကတ္တရာလမ်းဖြစ်သောကြောင့် လွယ်ကူစွာ ကူးသန်းသွားလာနိုင်သည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သဖြင့် ကျေးရွာထွက်ကုန်များကိုလည်း အချိန်မီ တင်ပို့ရောင်းချနိုင်သည်။

ကျေးရွာတွင် မွေးမြူရေးထွက်ကုန် ရောင်းချရန်ဈေးကွက်ကောင်းသဖြင့် အထူးသဖြင့် ကြက်နှင့်နွားကို တိုးချဲ့မွေးမြူရန် အခွင့်အလမ်းသာသည်။ သို့သော် မွေး/ကုဦးစီးဌာနနှင့် ငွေချေးဘဏ်တို့မှ လိုအပ်သောထောက်ပံ့ချေးငွေနှင့် နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးမှုကိုလည်း တိုးမြှင့်ဆောင်ရွက်ပေးရန် လိုအပ်သည်။

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှု နည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမီ အသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာ ကောင်းမွန်ပြီး အခြားသတင်း အချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။

### (ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

ကျေးရွာရှိလယ်ယာမြေများမှာ မြေဆီလွှာအသင့်အတင့် ကောင်းမွန်သည်မှအပ အခြားသယံဇာတများ မထွက်ရှိပါ။ လယ်ယာမြေကို ထပ်မံတိုးချဲ့ရန်မှာ မဖြစ်နိုင်သဖြင့် လယ်သမားများအဖို့ အထွက်နှုန်းတိုးမြင့်အောင် အားစိုက်ရပေမည်။

သပြေတန်းလျှပ်စစ်မြစ်ရေတင်မှ ရေသွင်းစိုက်ပျိုးနိုင်သော်လည်း နောက်ပိုင်းတွင် ရေသွယ်မြောင်းတိုးချဲ့ဆောက်လုပ်ပြီး ရေသွင်းစိုက်ပျိုးနိုင်မည့် စိုက်ဧကတိုးတက်လာစေရန် ဆောင်ရွက်သင့်ပါသည်။ ထို့အပြင် ပိုးသတ်ဆေးအချို့ကို ခံနိုင်သောဖျက်ပိုးများလည်း မတ်ပဲစိုက်ခင်းများတွင် ကျရောက်တတ်သည်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာပိုင်းဆိုင်ရာ ဝန်ဆောင်မှုကို ရရှိနိုင်သော်လည်း ဖျက်ပိုးနှိမ်နင်းရေးနှင့်ပါတ်သက်၍ ထိရောက်စွာ အကောင်အထည်ဖော်ပေးသော အစီအစဉ်မရှိသေးပါ။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေး ကျင့်သုံးနိုင်ရေး အထောက်အပံ့များရရှိရန် လိုအပ်သည်။ ကျေးရွာတွင် ငွေတိုးချေးသူများရှိသော်လည်း အတိုးနှုန်းမှာ မြင့်မားတတ်သည်။ ဘဏ်များမှ ကျေးရွာအရောက် ဝန်ဆောင်မှုပေးသော စနစ်လည်းမရှိပဲ ချေးငွေလိုအပ်သော အိမ်ထောင်စုများမှာ စီးပွါးရေးဘဏ်၊ ဖွံ့ဖြိုးရေးဘဏ်များမှ ငွေချေးရန် စာရွက်စာတမ်း လိုအပ်ချက်များ ပြည့်စွက်ရာများတွင် အခက်အခဲ ကြုံတွေ့ရတတ်သည်။

ကျေးရွာတွင် အိမ်တွင်းမှုထုတ်ကုန်လုပ်ငန်း မရှိသဖြင့် အလုပ်အကိုင်နှင့် ဝင်ငွေပုံမှန်ရရှိရေးအတွက် အကန့်အသတ် ရှိနေပါသည်။ ဒေသတွင်လည်း အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းအတွက် ကုန်ကြမ်း၊ တတ်သိပညာ၊ ဗဟုသုတနှင့် အထိအတွေ့တို့ အားနည်းပါသည်။

## ၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

### (က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျွန်ုပ်တို့ ကျေးရွာလူထုကိုယ်တိုင် တိုင်ပင်ညှိနှိုင်းပြီး လာမည့်ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

က.၁) ကျွန်ုပ်တို့ ကျေးရွာလူထုသည် ကုန်ထုတ်လုပ်မှုမြှင့်တင်ခြင်း၊ အလုပ်အကိုင်များဖန်တီးခြင်း၊ သက်မွေးပညာသင်တန်းများ ရရှိခြင်းမှတဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွါးရေးအနေအထားကို တိုးတက်ရရှိစေမည်။

က.၂) ကျွန်ုပ်တို့ ကျေးရွာလူထုသည် စာတတ်မြောက်မှုနှင့် ပိုမိုကောင်းမွန်သော ပညာရေးမှတဆင့် ကလေးငယ်များ၏ လူသားဆိုင်ရာ စွမ်းဆောင်ရည်နှင့် ဗဟုသုတနယ်ပယ်ကို ကျယ်ဝန်းလာစေရမည်။

က.၃) ကျွန်ုပ်တို့ ကျေးရွာလူထုသည် ကျန်းမာရေးအတွက် သန့်ရှင်းသော ရေတွင်း၊ ရေကန်များ အကောင်အထည်ဖော် ဆောက်လုပ်ခြင်း၊ ယင်လုံအိမ်သာများ ဆောက်လုပ်ခြင်း၊ ကျန်းမာရေးများကို လေ့လာသင်ကြားစေခြင်း၊ ကျန်းမာရေးဌာနမှ ကာကွယ်ဆေးများအား စနစ်တကျတိုက်ကျွေးပြီး သက်ကြီးရွယ်အို၊ ကလေးသူငယ်များအတွက် ကျန်းမာရေးဆိုင်ရာ အထောက်အပံ့များကိုရရှိစေကာ ပိုမိုကောင်းမွန်သော လူထုကျန်းမာရေးကို ပိုမိုရရှိလာစေရပါမည်။ ဗဟုသုတပြည့်ဝ၍ ကျန်းမာရေး အခြေခံအဆောက်အအုံများ တိုးတက်စေရမည်။ ကျန်းမာရေး အသိပညာများတိုးပွား၍ ကျန်းမာရေးပြုစုစောင့်ရှောက်မှုများမှ တဆင့် လူသားတိုင်း ကျန်းမာစေရမည်။ ကျန်းမာရေးပညာပေးသင်တန်းနှင့် နည်းပညာများရယူကာ တစ်ရွာလုံး ကျန်းမာကြံ့ခိုင်သောသူများဖြစ်စေရမည်။

က.၄) ကျွန်ုပ်တို့ ကျေးရွာလူထုသည် အသက်မွေးဝမ်းကျောင်းနှင့် စီးပွားရေးအုပ်စုများဖွဲ့စည်းပြီး ကျေးရွာအခြေပြုအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည် မြင့်မားလာမှုမှတဆင့်၊ ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှု ယန္တရားတိုးတက်လာစေရမည်။

### (ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

ခ.၁) ကျေးရွာတွင် အရင်းအနှီးငွေ၊ နည်းပညာနှင့် နည်းပညာအသုံးချနိုင်စွမ်း ရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။ အသေးစားငွေကြေးလုပ်ငန်းနှင့် ချေးငွေများအတွက် မြို့နယ်ရှိဘဏ်များ၊ ရင်းနှီးငွေရရှိနိုင်ရာ အခြားနေရာများနှင့် ချိတ်ဆက်ပေးမည်။ အရင်းအနှီးငွေများရရှိပါက စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် ခွဲဝေချထားပေးမည်။ အလားတူပင် ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေး နည်းပညာများထွန်းကားလာရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနည်းပညာသင်တန်းများ တက်ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာနည်းပညာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။ သင်တန်းတက်ထားသူများက တဖန်ကျေးရွာတွင် ရရှိထားသော နည်းပညာများကို မျှဝေပေးပြီး မိမိတို့ကိုယ်တိုင်ကလည်း ကိုယ်ပိုင်လုပ်ငန်းများတွင် အသုံးချကာ ထုတ်လုပ်မှု တိုးတက်စေမည်။

ခ.၂) ကျွန်ုပ်တို့သည် အပ်ချုပ်၊ ဇာထိုးပန်းထိုး၊ ယိုနှင့် မုန့်လုပ်နည်း၊ ဆံပင်ညှပ်၊ စက်ပြင်၊ မော်တော်ဆိုင်ကယ်ပြင်နှင့် မိုဘိုင်းဖုန်းပြင်စသော သင်တန်းများ တက်ရောက်နိုင်ရန် သင့်တော်သောသင်တန်းသားများကို တက်ရောက်နိုင်ရန် စီစဉ်ပေးမည်။ ထိုသင်တန်းများသည် သင်တန်းသားများအတွက် ကျွမ်းကျင်မှုများကို တိုးပွါးရရှိစေပြီး ဝင်ငွေရလုပ်ငန်းများ ထူထောင်တိုးချဲ့နိုင်ရန် အရင်းအနှီးလုပ်ငန်း အစီအစဉ်နှင့် ချိတ်ဆက်ပေးမည်။

ခ.၃) ကျေးရွာတွင် စာသင်ကျောင်းဝန်း၏ ခြံစည်းရိုးကာရံခြင်းပြီး မူကြိုကျောင်းတစ်ဆောင် ဆောက်လုပ်ခြင်းဖြင့် ကလေးငယ်များ၏ အရည်အချင်း တိုးမြင့်လာရေးအတွက်လည်း ဆောင်ရွက်သွားမည်။ ပညာရေးဌာနနှင့် ချိတ်ဆက်ပြီး အထက်တန်းကျောင်းခွဲတွင် ဘာသာရပ်အလိုက် ကျွမ်းကျင်မှုပြည့်ဝသော ဆရာ/ဆရာမ ခန့်ထားနိုင်ရေးတို့အတွက် ဆောင်ရွက်သွားမည်။

ခ.၄) ကျေးရွာတွင် ကျေးရွာလမ်းကို အကောင်းဆုံးအဆင့်သို့ ရောက်ရှိသော အခြေအနေအထိ အဓိကဆောင်ရွက်သွားမည်။ ဆက်သွယ်ရေး၊ ကျန်းမာရေး၊ ပညာရေးအတွက် အထောက်အကူပြုစေရန်နှင့် ထိန်းသိမ်းရေးအတွက် စီမံခန့်ခွဲနိုင်စွမ်းကိုလည်း တိုးတက်အောင် ဆောင်ရွက်သွားကြမည်။ ကျေးရွာလူမှုအဖွဲ့အစည်းများကိုလည်း ကျေးရွာအခြေပြု လုပ်ငန်းများကို အကောင်အထည်ဖော် စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များ ပိုမိုရရှိအောင် ဆောင်ရွက်ရန် တိုက်တွန်းအားပေး ဆောင်ရွက်မည်။

## ၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့် ကိစ္စများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေး ရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှရရှိမည်ဟုမျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့်အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျတ်ပမာဏပါဝင်သည့် နှစ်ပတ်လည် ဖွံ့ဖြိုးရေးစီမံချက် ပြင်ဆင်ရန်ဖြစ်သည်။

### (ခ) စိုက်ပျိုးမြေများ ထိရောက်စွာ အသုံးချနိုင်ရေး၊

ကျေးရွာတွင် စပါးအပြင် မတ်ပဲကို သီးထပ်အဖြစ် စိုက်ပျိုးကြသည်။ တောင်သူများအတွက် သီးနှံဖျက်ပိုးကျရောက်ခြင်းသည် အဓိကပြဿနာတစ်ရပ်ဖြစ်ပြီး ဖျက်ပိုးထိရောက်စွာ နှိမ်နင်းရေးအတွက် နည်းစနစ်ရရှိရေးလိုအပ်သည်။ ဖျက်ပိုးနှိမ်နင်းရေးအတွက် သက်ဆိုင်ရာဦးစီးဌာနမှ ဝန်ဆောင်မှုများကိုရသော်လည်း စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများရောင်းချသည့် ပုဂ္ဂလိကအရောင်းဆိုင်များကို မှီခိုအားထားမှုပိုများသည်။ သီးနှံဖျက်ပိုးများသည် ပိုးသတ်ဆေး အချို့ကိုခံနိုင်စွမ်းရှိကြကာ တောင်သူများအတွက် သီးနှံပျက်စီးမှုနှင့် ဝင်ငွေလျော့နည်းမှုဖြစ်စေသည်။ နည်းပညာအသုံးပြုပုံများအပါအဝင် ပိုးမွှားနှိမ်နင်းရေး နည်းပညာအသစ် ရရှိရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက ဦးစီးဦးရွက်ပြုသင့်ပါသည်။

### (ဂ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ

ကျေးရွာတွင် ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊ အလယ်အလတ်တောင်သူနှင့် တောင်သူကြီးများအတွက် လိုအပ်သောချေးငွေရရှိရန် စနစ်များပြောင်းလဲချမှတ်သင့်သည်။ အထူးသဖြင့်လယ်သမားနှင့် အသေးစားလုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့် အသေးစားစီးပွားရေး လုပ်ငန်းများအတွက် အထိုက်အ

လျော့ကျမှုများပြားသည့် ချေးငွေလိုအပ်ပါသည်။ ကျေးရွာတွင်ဖွံ့ဖြိုးရေးဘဏ်များနှင့် တိုက်ရိုက်ချိတ်ဆက်ဆောင်ရွက်သည့် အစီအစဉ်မရှိသေး၍ ဆောင်ရွက်သင့်ပါသည်။

### (ဃ) ကျေးလက်အသေးစား စက်မှုလက်မှုလုပ်ငန်းများဆိုင်ရာ အထောက်အပံ့

ကျေးရွာတွင်း အသေးစားစက်မှုလက်မှု လုပ်ငန်းများဖွံ့ဖြိုးလာနိုင်မည့် အလားအလာရှိပြီး အလုပ်အကိုင်နှင့် အမြတ်အစွန်းများရရှိရန် အထူးသဖြင့် လူငယ်နှင့် အမျိုးသမီးများအတွက် အခွင့်အလမ်းရှိပါသည်။ သို့သော် ၎င်းတို့တွင် လုပ်ငန်းဆိုင်ရာ စီမံအုပ်ချုပ်မှုနည်းပညာ၊ ဈေးကွက်၊ သတင်းအချက်အလက်များ လက်လှမ်းမီမှုတွင် အားနည်းပါသည်။ ကျေးရွာတစ်ခုလုံး၏ အမျိုးမျိုးကွဲပြားနေသော လုပ်ငန်းများ (ကုန်ထုတ်ခြင်း၊ စက်မှု၊ လက်မှုလုပ်ငန်း)အတွက် လုပ်ငန်းစီမံခန့်ခွဲရေး ထောက်ပံ့ခြင်းကို ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းတွင် ထည့်သွင်းရေးဆွဲရန် ခက်ခဲပါသည်။ ကျွန်တော်တို့ကျေးရွာမှ အသေးစားလုပ်ငန်းများအတွက် အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းသစ်များ ယခုအခါ အဆင်သင့်မတွေ့ရသေးပါ။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့ တစ်ခုထူထောင်ပြီး မြို့နယ်အဆင့်စီမံခန့်ခွဲရေးအောက်တွင်ထားရှိကာ တစ်နှစ်ပတ်လုံး ဝန်ဆောင်မှုရရှိအောင် ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ ထိုအဖွဲ့တွင် ကျွမ်းကျင်ပညာရှင်တစ်ချို့နှင့် တိုးချဲ့ပညာပေးရေးဝန်ထမ်းအချို့ ပါဝင်မည်ဖြစ်ပြီး၊ မြို့နယ်ဒေသမှသည် ကျေးရွာအထိလိုအပ်သော စီးပွားရေးလုပ်ငန်း၊ စီမံခန့်ခွဲမှု အထောက်အကူပြုလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် လုံလောက်သောရန်ပုံငွေလည်း ရှိရပါမည်။

### (င) ကျေးလက်လမ်းဆောက်လုပ်ရေး

ကျေးရွာတွင် (        )ပေ အကျယ်နှင့် (        )ပေ အရှည်ရှိသော မြေသားလမ်းပေါ်တွင် (        )ပေ ရှိသော လမ်းကိုဆောက်လုပ်သွားမည်။ ထိုလမ်းကို ဆောက်လုပ်ခြင်းအားဖြင့် နွေ၊ ဆောင်း တို့တွင်သာ အသုံးပြုနိုင်သော်လည်း ယခုအချိန်တွင် (၁၂)ရာသီလုံး အသုံးပြုနိုင်မည် ဖြစ်ပါသည်။ ထို့မှတဆင့် ကျေးလက်နေလူထု၏ ကျန်းမာရေး၊ သွားလာဆက်သွယ်ရေး၊ ပညာရေး အခက်အခဲများကို တိုးတက်ကောင်းမွန်စွာ ခံစားကြရမည်ဖြစ်ပါသည်။ အစိုးရအဖွဲ့အစည်းများနှင့် အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများမှလည်း ကျေးလက်လမ်းဆောက်လုပ်ရေးအတွက် ပါဝင်ဆောင်ရွက်ပေးသင့်ပါသည်။

## ၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့် ဗျူဟာများကိုလုပ်ငန်း ဆောင်ရွက်မှုများအဖြစ် သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာစီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

### (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း

ကျေးရွာလူထုက ငါးနှစ်တာ စီမံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလက ဖော်ထုတ်၊ ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှ ပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည် နှစ်နှစ်၊ သုံးနှစ်တာကာလ စီမံချက်များအတွက် မျှော်မှန်းရေးဆွဲထားနိုင်ကြသော်လည်း ငါးနှစ်တာကာလတစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့် ရေးဆွဲထားသည့် ငါးနှစ်တာစီမံချက်သည် ပြင်းထန်သော သဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများ မပေါ်ပေါက်ပါက အနည်းနှင့် အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ပဲ နောက်ထပ်တိုးလာမည့် လုပ်ငန်းစီမံချက်များသာ

ပါဝင်လာနိုင်ပါမည်။ ထို့ကြောင့် ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက် မူဘောင်အတွင်း နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

### (ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်း၊ စီမံချက်များကို စီမံချက်ဆိုင်ရာ အချက်အလက်များကို စီစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီးအုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)ဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက် သက်ဆိုင်ရာ လုပ်ငန်းများအလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှု အမျိုးအစားကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification) သည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional classification) ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏ လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍ အပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification) တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့တို့ ပါဝင်သည်။

### (ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာ အမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များဦးစားပေး အစီအစဉ်ကိုဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကိုရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက် လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

**ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များမှာ -**

| ကဏ္ဍ/အကြောင်းအရာ | စီမံချက် | ရမှတ်ပေါင်း | အဆင့် | စီမံကိန်းအကြောင်းအရာ ဖော်ပြချက် | |
|---|---|---|---|---|---|
| ***အခြေခံအဆောက်အဦ*** | ကျေးရွာတွင်းလမ်းအား ဂဝံလမ်းခင်းခြင်း | ၁၀၀ | ၁ | • ကျေးလက်ဦးစီးဌာနနှင့် ပူးပေါင်း၍ ကျေးရွာတွင်းလမ်းအား ဂဝံလမ်းရရှိအောင် ဆောင်ရွက်သွားမည်။ | |
| ***လူမှုရေး*** | ကျေးရွာတွင်း သုသာန်မြေပေါ်တွင် မီးသင်္ဂြိုလ်စက် ဆောက်လုပ်နိုင်ရေး | ၉၀ | ၂ | • ကျေးလက်ဦးစီးဌာနနှင့် ပူးပေါင်း၍ နာရေးကူညီမှုအသင်းများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ ပရဟိတအသင်းများနှင့် အကူအညီယူ၍ ဆောင်ရွက်ခြင်း၊ ရွာသူရွာသားများပါဝင်ဆောင်ရွက်ရန် တိုက်တွန်း နှိုးဆော်ခြင်း။ | |
| ***ပညာရေး*** | ကျေးရွာရှိ ဆရာ/ဆရာမများနှင့် ကလေးသူငယ်များအတွက် KG ကျောင်းဆောင်ရရှိရန်နှင့် ပညာရေးဖွံ့ဖြိုးတိုးတက်ရေး | ၈၀ | ၃ | • ကျေးရွာရှိ စာသင်ကျောင်းတွင် ဆရာ၊ ဆရာမများအတွက် KG ဆောင်နှင့် ပညာရေးဆိုင်ရာ သင်ထောက်ကူပစ္စည်းများ ထပ်မံဖြည့်သွင်း ဆောက်လုပ်ခြင်း၊ ကိုယ်ထူကိုယ်ထကျောင်းအားကစားကွင်း တည်ဆောက်ပေးခြင်း၊ ပညာရေးဖေါင်ဒေးရှင်းများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း။ | |
| ***ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု*** | သင့်တင့်သော အတိုးနှုန်းဖြင့် ကာလရှည် ချေးငွေပေးနိုင်မည့် အဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေး | ၇၀ | ၄ | • ချေးငွေဝန်ဆောင်မှု အဖွဲ့များနှင့် ချိတ်ဆက်ခြင်း၊ အတိုးနှုန်းသက်သာပြီး ကာလရှည်ထုတ်ချေးပေးနိုင်မည့် အဖွဲ့များနှင့် ချိတ်ဆက်ပေး ခြင်း၊ ရေလုပ်သားများအတွက် အထောက်အပံ့ ပစ္စည်းများရရှိရေး။ | |

| ကဏ္ဍ/အကြောင်းအရာ | စီမံချက် | ရမှတ် ပေါင်း | အဆင့် | စီမံကိန်းအကြောင်းအရာ ဖော်ပြချက် | |
|---|---|---|---|---|---|
| ***ကျန်းမာရေး*** | ကျေးရွာ၏ ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်လာရေး | ၆၁ | ၅ | • ကျေးလက်ကျန်းမာရေး ဆေးပေးခန်းနှင့် ကျန်းမာရေးဝန်ထမ်း ရရှိရန် မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် ချိတ်ဆက်ခြင်း၊ ယင်လုံအိမ်သာများကို ဆောက်လုပ်၍ စနစ်တကျအသုံးပြုစေခြင်း၊ ကျန်းမာရေးအသိပညာပေးဟောပြောပွဲများပြုလုပ်ခြင်း၊ ကျန်းမာရေးဦးစီးဌာနမှ တားမြစ်အစားအစာများ (ဓါတုဆေးဝါးပါဝင်)ကို မစားသုံးရန် တိုက်တွန်းနှိုးဆော်ခြင်း။ | |

**(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ**

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက် ချက်များအား အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကာလများကို နှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| စဉ် | စီမံချက် (Project) | ဦးစားပေး အဆင့် | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ |
|---|---|---|---|---|---|---|---|
| ၁ | ကျေးရွာတွင်းလမ်းအား ဂဝံလမ်းခင်းခြင်း | ၁ | Â | Â | Â | Â | |
| ၂ | ကျေးရွာတွင်း သုသာန်မြေပေါ်တွင် မီးသင်္ဂြိုလ်စက် ဆောက်လုပ်နိုင်ရေး | ၂ | Â | Â | Â | | |
| ၃ | ကျေးရွာရှိ ဆရာ/ဆရာမများနှင့် ကလေးသူငယ်များအတွက် KG ကျောင်းဆောင်ရရှိရန်နှင့် ပညာရေး ဖွံ့ဖြိုးတိုးတက်ရေး | ၃ | Â | Â | Â | Â | Â |
| ၄ | သင့်တင့်သော အတိုးနှုန်းဖြင့် ကာလရှည် ချေးငွေပေးနိုင်မည့် အဖွဲ့များနှင့် ချိတ်ဆက် ဆောင်ရွက်နိုင်ရေး | ၄ | Â | Â | Â | Â | |
| ၅ | ကျေးရွာ၏ ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်လာရေး | ၅ | Â | Â | Â | Â | |

**၉။ ဘတ်ဂျတ်နှင့် ငွေကြေးဆိုင်ရာအစီအစဉ်**

အောက်ပါဇယားတွင် ဖေါ်ပြထားသော စီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ (indicative)အဖြစ် ကိုးကားရန် ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ်လိုအပ်သော ဘတ်ဂျက်ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာ အဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများထံမှ ဘတ်ဂျတ်အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများရရှိရန်လည်း လိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက် ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖေါ်ပြထားခြင်းမရှိပါ။ (ငွေသားမဟုတ်သော ထည့်ဝင်မှု၊ ဥပမာ - လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်းကိရိယာ၊ အချိန် စသည်)

**စီမံချက်ဘတ်ဂျက်**

| စဉ် | စီမံချက် | ရန်ပုံငွေ | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | လူသားချင်းစာနာမှုအထောက်အပံ့ |
| ၁ | ကျေးရွာတွင်းလမ်းအား ဂဝံလမ်းခင်းခြင်း | | | | | |
| ၂ | ကျေးရွာတွင်း သုသာန်မြေပေါ်တွင် မီးသင်္ဂြိုလ်စက် ဆောက်လုပ်နိုင်ရေး | | | | | |
| ၃ | ကျေးရွာရှိ ဆရာ/ဆရာမများနှင့် ကလေးသူငယ်များအတွက် KG ကျောင်းဆောင်ရရှိရန်နှင့် ပညာရေးဖွံ့ဖြိုးတိုးတက်ရေး | | | | | |
| ၄ | သင့်တင့်သော အတိုးနှုန်းဖြင့် ကာလရှည် ချေးငွေပေးနိုင်မည့် အဖွဲ့များနှင့် ချိတ်ဆက် ဆောင်ရွက်နိုင်ရေး | | | | | |
| ၅ | ကျေးရွာ၏ ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်လာရေး | | | | | |

**၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲခြင်းကို ကျေးရွာလူထုကဦးဆောင် အကောင်အထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

**(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ**

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲခြင်းတွင်ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေး ကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်း အဆင့်မြင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်း ဖြစ်ပါသည်။

**(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း**

ကျွန်ုပ်တို့ ကျေးရွာအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသောဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ်ပူးပေါင်းရန် လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သော အကူအညီများရယူ ဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာ အသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေး တိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမား အဖွဲ့အစည်းကလည်း လယ်ယာ

ကုန်ထုတ်လုပ်ငန်း အထောက်အကူပြု လမ်းအဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့် ဆက်သွယ်၍ အင်ဂျင်နီယာ ဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများ ရယူရပါမည်။

### (ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစား ဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်း အမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှု အဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေး အဖွဲ့အစည်းများ၊ ပုဂ္ဂလိက အဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသော သတ်သတ်မှတ်မှတ် ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့က တာဝန်ပေးထားသော အဖွဲ့ခွဲ၏တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာ ဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေး အဖွဲ့သည် တာဝန်ပေးထားသော အဖွဲ့ခွဲကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

### (ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ်များ ထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက် ထည့်ဝင်လိုသူများထံမှ အလှူငွေ ကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာ သယ်ယူမည့်ပစ္စည်းများ၏ ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်းများသတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာအဖွဲ့ခွဲအား တာဝန်အပ်နှင်း ဆောင်ရွက်မည်ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင် ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်း ပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

## ၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ် လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေများအား စနစ်တကျ ကြီးကြပ်စစ်ဆေး အကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာရည်ရွယ်သည့် အတိုင်း ကြီးကြပ်စစ်ဆေး အကဲဖြတ်သည့်လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍အားလုံး ပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲခြင်း အကောင်အထည်ဖော်သောနည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ်စစ်ဆေး သုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ၊ အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်းများ တည်ဆောက်ပါမည်

## (က) ကြီးကြပ်စစ်ဆေးခြင်း (Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း၏ လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှုနှင့် ငွေကြေးဆိုင်ရာ တိုးတက်မှုတို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာ စီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီး၊ ကော်မတီ အသီးသီးတို့က မိမိတို့ တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့ခွဲအသီးသီးသည် မိမိတို့၏စီမံကိန်းဆိုင်ရာ ကနဦး သတင်းအချက်အလက်များရရှိအောင် ဆောင်ရွက် ကြပါမည်။ ယင်းအခြေခံ သတင်းအချက်အလက်များသည် စီမံကိန်း၏တိုးတက်မှုကိုတိုင်းတာမည့် အညွှန်းကိန်းများ ဖြစ်ပါမည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် အဖွဲ့နှင့် အဖွဲ့ခွဲအသီးသီးသည် ၎င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိ မှုအစီရင်ခံစာကို ရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်း ဆောင်ရွက်ရမည့်ကိစ္စ များကို ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့မှ ဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာသည် အောက်ပါ အချက်များအပေါ် ဦးတည်ပါမည်။

### (၁) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု

- စီမံကိန်းလုပ်ငန်းများ လုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသော အခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့် စီမံကိန်းများ၊

### (၂) ငွေကြေးဆိုင်ရာတိုးတက်မှု

- ငွေသားနှင့်ငွေသားမဟုတ်သော အရင်းအနှီးလိုအပ်ချက်များ စုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသော ငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအမြစ်များ စုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲ များ၊ ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှု တိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် (၃)လပတ် ကြီးကြပ်စမစ်ဆေးမှုအစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာ ကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံစာပေးပို့ပါမည်။ အစီရင် ခံစာသည် စာမျက်နှာ ၂-၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကို အဓိကထားဖော်ပြပါမည်။ ၎င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲဆောင်ရွက် မည့် အစီအစဉ်များ၊ လိုအပ်သောအကူအညီ အထောက်အပံ့များ စသည်တို့ပါ ဝင်ပါမည်။

## (ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်းအကဲဖြတ်ပွဲ

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှု အခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ ဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များ အား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေး တင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြား မည့် အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့် အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊ သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ စသည်တို့ ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းများနှင့် အခြားပါဝင် သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များ ရယူနိုင်သော အခွင့်အလမ်းကိုလည်း ရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

**(ဂ) နည်းပညာဆိုင်ရာ အကူအညီ**

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦးကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်း ဆိုင်ရာကဲ့သို့ နည်းပညာ အကူအညီများကို မြို့နယ်အဖွဲ့အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

**နောက်ဆက်တွဲ (၁)**

**ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဇယားများ**

**(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ**

**(၁.၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ**

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | စုစုပေါင်း၏% |
|---|---|---|---|---|---|
| ၁ နှစ်အောက် | နို့စို့အရွယ် | ၁၀ | ၄ | ၁၄ | ၂.၄% |
| ၁ နှစ်မှ ၅နှစ်အောက် | ၅နှစ်အောက်ကလေးငယ် | ၁၄ | ၁၉ | ၃၃ | ၇.၁% |
| ၅ နှစ်မှ ၉နှစ်အထိ | မူလတန်းကျောင်းသားအရွယ် | ၂၂ | ၂၁ | ၄၃ | ၉.၂၁% |
| ၉ နှစ်အထက်မှ ၁၅ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၂၃ | ၂၆ | ၄၉ | ၁၀.၅% |
| ၁၅ နှစ်အထက်မှ ၆၀နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၄၈ | ၁၅၅ | ၃၀၃ | ၆၄.၉% |
| ၆၀ နှစ်နှင့် အထက် | သက်ကြီးရွယ်ကြီး | ၁၀ | ၁၅ | ၂၅ | ၅.၃၆% |
| **စုစုပေါင်း လူဦးရေ - ၄၆၇** | | **၂၂၇** | **၂၄၀** | **၄၆၇** | **၉၉.၉၇%** |
| **စုစုပေါင်း အိမ်ထောင်စု - ၁၂၀** | | **တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေ - ၃.၉%** | | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှုးရုံး။

**လေ့လာတွေ့ရှိချက် ။** ။ ကျေးရွာရှိ ကျား၊ မ လူဦးရေစာရင်းကို လိုက်လံကောက်ခံရာတွင် အောက်ပါအတိုင်း တွေ့ရှိရပါသည်။ မျိုးဆက်သစ်များ မွေးဖွားနှုန်းမှာ အသင့်အတင့် ကောင်းပါသည်။ ကျောင်းနေအရွယ်ကလေးများ များပါသည်။ ကျေးရွာတွင် မိန်းကလေးဦးရေမှာ ယောကျာ်းလေးဦးရေထက် ပိုများပါသည်။ အလုပ်လုပ်နိုင်သောအရွယ်တွင် မိန်းကလေးအရေအတွက်မှာ ပိုများသဖြင့် ဝင်ငွေနည်းပါးပြီး စားဝတ်နေရေးအတွက် အခက်အခဲများလည်း ရှိပါသည်။ ထို့ကြောင့် မူလတန်းပညာရေးကို မပြီးဆုံးခင် ကျောင်းထွက်ရသောလူဦးရေမှာ အသင့်အတင့်ရှိကြောင်း တွေ့ရှိရပါသည်။ အသက်(၆၀)ကျော် အဖိုး၊ အဖွားအရွယ်မှာလည်း အသင့်အတင့်ရှိပြီး ကျန်းမာရေးအခက်အခဲရှိပါသည်။ လူဦးရေအများစုမှာ ကျန်းမာရေးကောင်းမွန်ကြပြီး ကူးစက်ရောဂါခံစားရမှုမှာ မရှိသလောက် နည်းပါးပါသည်။ ပြည်သူ့ကျန်းမာရေးဆေးရုံနှင့် (၁)မိုင် အကွာတည်ရှိသောကြောင့် ကျန်းမာရေးအတွက် မစိုးရိမ်ရပေ။ မွေးမြူရေးနှင့် ကုန်သွယ်ရေးလုပ်ငန်းများမှာ အတော်အသင့်

ကောင်းမွန်ကြပါသည်။ ကားလမ်းမကြီးနှင့် လှိုင်မြစ်ကမ်းနဘေးတွင် တည်ရှိသောကြောင့် ကုန်းလမ်းနှင့် ရေကြောင်းဆက်သွယ်ရေးမှာ အဆင်ပြေပါသည်။ မိသားစုဝင်ငွေများအတွက် ကျေးရွာနေ လူအများစုသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေချိုငါးဖမ်းလုပ်ငန်းကို အဓိကထား၍ ရှာဖွေစားသောက်ကြပါသည်။ ကျေးရွာတွင် စီးပွားဖြစ်တိုးချဲ့ လုပ်ကိုင်နိုင်ရန် ချေးငွေနှင့် လုပ်ငန်းအတွက် အထောက်အကူပြု ပစ္စည်းများ လိုအပ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၁.၂) အလုပ်လုပ်နိုင်သူ အင်အား

### (၁.၂.၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင် သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| ၁ | **စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂၃ | ၁၉.၂% | ၃၅ | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၂၅ | ၂၀.၈% | ၄၀ | | |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၃ | **ငါးဖမ်း လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄၆ | ၃၈.၃% | ၅၆ | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၄ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၅ | **ထုတ်ကုန်လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၆ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင် သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစု ဝင်လုပ် အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၇ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၅ | ၄.၂% | ၅ | | |
| ၈ | **ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၉ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃ | ၂.၅% | ၃ | | စက်ချုပ်လုပ်ငန်း လုပ်ကိုင်ခြင်း |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၀ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၆ | ၅% | ၉ | ၄ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၁ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၂ | **ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅ | ၄.၂% | ၅ | ၅ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၃ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၄ | **အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၅ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင် သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၂ | ၁.၇% | ၂ | ၄၀ | |
| ၁၆ | **ပညာရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၀.၈% | ၁ | ၁ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၇ | **ကျန်းမာရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၈ | **လူမှုရေး လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၉ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | ၈ | |
| ၂၀ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ - UN, INGOs, Companies, etc.,)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၄ | ၃.၃% | ၄ | ၁၂ | |
| | **စုစုပေါင်း** | **၁၂၀** | **၉၉.၂%** | **၁၆၀** | **၇၀** | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက် ။** ။ ကျွန်တော်တို့ ကျေးရွာသည် စိုက်ပျိုးမြေ အသင့်တင့်သာ ရှိပါသည်။ ထို့ကြောင့် စိုက်ပျိုးရေးကို (၃၀%)အထိ လုပ်ကိုင်လျှက်ရှိကြောင်း တွေ့ရသည်။ အခြားသောလုပ်ငန်း အများစုမှာ ရေချိုငါးဖမ်းခြင်း၊ စိုက်/မွေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများကိုလည်း လုပ်ကိုင်ကြသည်။ ကျေးရွာတွင်းရှိ လုပ်ငန်းများမှာ ဝင်ငွေရနည်းပါးခြင်းကြောင့် မြို့ပြရှိ စက်ရုံ၊ ပုဂ္ဂလိက၊ ဘဏ်နှင့် နိုင်ငံခြားသို့ သွားရောက်လုပ်ကိုင်သူများလည်း ရှိပါသည်။ တစ်ပိုင်တစ်နိုင် မွေးမြူရေး လုပ်ကိုင်သူများမှာ မွေးမြူရေးအတွက် ချေးငွေမရရှိသောကြောင့် တိုးချဲ့လုပ်ကိုင်နိုင်သူ မရှိဘဲ ကိုယ်ပိုင်ငွေအရင်းအနှီးဖြင့် လုပ်ကိုင်သူအနည်းသာ တွေ့ရှိရသည်။ အလုပ်လုပ်နိုင်သောအရွယ်တွင် မိန်းကလေးဦးရေမှာ ယောကျ်ားလေးဦးရေထက် သာလွန်ကြောင်း တွေ့ရှိရပါသည်။ စိုက်/မွေး မဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် ကျေးရွာနေ ပြည်သူလူထုအတွက် ငွေကြေးအရင်းအနှီး မပြည့်စုံခြင်း၊ ချေးငွေကိုလုံလောက်စွာ မရရှိခြင်းများကြောင့် လုပ်ကိုင်နိုင်ခြင်းမရှိကြောင်းလည်းတွေ့ရပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားဝင်ငွေရလုပ်ငန်းများအတွက် နည်းပညာများလည်း အားနည်းသေးကြောင်း လေ့လာတွေ့ရှိရပါသည်။

### (၁.၂.၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ | |
| ၁ | လယ်ယာလုပ်ငန်း | နေ့စား | ၅၀၀၀ | ၃၀၀၀ | ၃၅၀၀ | ၁၅၀၀ | |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | | |
| ၃ | ငါးလုပ်ငန်း - ရေချို/ရေငန် ငါးဖမ်းခြင်း၊ ငါးပိ၊ ငါးခြောက်လုပ်ငန်း | နေ့စား | ၄၀၀၀ | ၂၀၀၀ | ၂၀၀၀ | ၁၅၀၀ | |
| ၄ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | | |
| ၆ | ဆောက်လုပ်ရေး၊လက်သမားပန်းရံလုပ်ငန်း | နေ့စား | ၅၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၃၀၀၀ | |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | | | | | |
| ၈ | လက်လီ-လက်ကားရောင်းဝယ်ရေး | နေ့စား | ၄၀၀၀ | ၂၅၀၀ | ၃၀၀၀ | ၂၀၀၀ | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူစသည်) | နေ့စား | ၅၀၀၀ | ၃၀၀၀ | ၄၀၀၀ | ၂၀၀၀ | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

**မှတ်ချက်**

(၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက် ။** ။ ကျေးရွာရှိ ယောက်ျားလေးများ၏ ဝင်ငွေမှာ အများဆုံး(၅၀၀၀)ကျပ်နှင့် အနည်းဆုံး(၄၀၀၀)ကျပ် ပျမ်းမျှရရှိပြီး မိန်းကလေးများ၏ ဝင်ငွေမှာ တစ်နေ့လျှင် (၄၀၀၀)ကျပ်မှ (၃၀၀၀)ကျပ် ရရှိကြပြီး ပျမ်းမျှရရှိပါသည်။ လုပ်ငန်းခွင် ရှားပါးမှုများရှိသောကြောင့် မြို့ပြရှိ စက်ရုံနှင့် နိုင်ငံခြားသို့သွားရောက်လုပ်ကိုင်သူများလည်းရှိကြောင်း တွေ့ရှိရပါသည်။ တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ပြည်တွင်းပြည်ပသို့သွားရောက်အလုပ်လုပ်ကိုင်ရင်း မိသားစုဝင်ငွေများရရှိကာ စားဝတ်နေရေးအတွက် ဖြေရှင်းကြရပါသည်။

### (၁.၃) သဘာဝရင်းမြစ်များ

### (၁.၃.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ဆည်ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း) | ရေရင်းမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက) |
|---|---|---|---|---|
| လယ်မြေ | ၅၇ | သင့် | ရ | ၅၀ |
| ယာမြေ /တောင်ယာ | | | | |
| ဥယျာဉ်ခြံမြေ | | | | |
| အိမ်ခြံဝင်း စိုက်ခင်း | ၅ | သင့် | မရ | ၅ |
| နှစ်ရှည်သီးနှံစိုက်ခင်း | | | | |
| ရွှေ့ပြောင်းတောင်ယာမြေ | | | | |
| ကိုင်း/ကျွန်းမြေ | | | | |
| စားကျက်မြေ | | | | |
| ပလပ်မြေ | | | | |
| အခြား | | | | |
| **စုစုပေါင်း** | **၆၂** | **သင့်** | **-** | **၅၅** |

ရင်းမြစ် …(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု။
မှတ်ချက် ။ ။ ရေရှိသည့် နေရာအမျိုးအစား-ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ

**လေ့လာတွေ့ရှိချက်** ။ ။ ကျွန်တော်တို့ ကျေးရွာတွင် စိုက်ပျိုးမြေဧရိယာစုစုပေါင်းမှာ ( ၆၂)ဧကရှိပါသည်။ မြေဆီလွှာနှင့် မြေသြဇာအသင့်အတင့် ကောင်းမွန်လျှက်ရှိကြောင်း တွေ့ရှိရပါသည်။ မိုးရေချိန် လက်မ ၈၀ နှင့် ၁၀၀ ကြားတွင် ရရှိပါသည်။ သပြေတန်းလျှပ်စစ်မြစ်ရေတင်စီမံကိန်းမှ စိုက်ပျိုးရေအတွက် ရေလုံလောက်စွာ ရရှိပါသည်။ မြေဆီမြေသြဇာအတွက် ဇီဝမြေသြဇာဖြစ်သော နွားချေး၊ ကြက်ချေးနှင့် ခြံမြေအတွင်းရှိ ဆွေးမြေ့ အမှိုက်များကို အသုံးပြုကြပါသည်။ ထို့ကြောင့် စိုက်ပျိုးရေး အသင့်အတင့်ကောင်းမွန်ပြီး မိသားစုဝင်ငွေ အတွက် အထောက်အပံ့ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၁.၃.၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | လက်လှမ်းမီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ) |
|---|---|---|
| ကာဗွန် (ဓာတ်ငွေ့/ရေနံ) | မရှိ | လက်လှမ်းမမီ |
| အခြား ရင်းမြစ်များ | သင့် | လက်လှမ်းမမီ |
| **အခြားသဘာဝရင်းမြစ်** | | |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | သင့် | ခက် |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ) | နည်း | ခက် |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်** ။ ။ ကျေးရွာတွင် သဘာဝအရင်းအမြစ် ကာဗွန်ဓါတ်ငွေ့ ရေနံမရရှိပါ။ သဘာဝ ဆေးရွက်၊ ဆေးပင်မျိုးစိတ်များကို အနည်းငယ် တွေ့ရှိရပါသည်။ အခြားအရင်းအမြစ်များကိုရရှိရန် အခက်အခဲ များရှိကြောင်း တွေ့ရှိရပါသည်။ သဘာဝအလျောက်ပေါက်သော ဆေးဖက်ဝင် အပင်မျိုးစိတ်များကို ပြည်သူလူထုမှ ဆေးမြီးတိုများအဖြစ်လည်း အသုံးပြုနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၁.၄) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိ သောအိမ်ထောင်စု** | **ဆင်းရဲသော အိမ်ထောင်စု** | **အလွန်ဆင်းရဲသော အိမ်ထောင်စု** |
| မြေယာပိုင်ဆိုင်မှု | ၁၀-၁၂ ဧက | ၃-၈ ဧက | ၁-၃ ဧက | - |
| အိမ်အခြေအနေ | တိုက်ခံ | သွပ်မိုး၊ ပျဉ်ကာ | သွပ်မိုး၊ ထရံကာ | ဓနိမိုး၊ ထရံကာ |
| လုပ်ငန်းသုံးကိရိယာ ပိုင်ဆိုင်မှု | လက်တွန်း ထွန်စက်၊ နွား | လက်တွန်းထွန်စက်၊ နွား | နွား | စက်ဘီး၊ နွား |
| ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သောပိုင်ဆိုင်မှု | ရေခဲသေတ္တာ၊ ပန်ကာ၊ ကား၊ ဆိုင်ကယ်၊ ဖုန်း | ရေခဲသေတ္တာ၊ ပန်ကာ၊ ဆိုင်ကယ်၊ ဖုန်း | TV၊ ဖုန်း၊ စက်ဘီး | စက်ဘီး၊ ရေဒီယို |
| အဓိကစီးပွားရေး လုပ်ငန်း | လယ် | လယ် | ရေလုပ်သား၊ ကျပန်း | ရေလုပ်သား၊ ကျပန်း |
| အခြားပိုင်ဆိုင်မှု | | | | |
| **အိမ်ထောင်စု - ၁၂၀** | **၇(၅.၈%)** | **၁၀(၈.၃%)** | **၅၂(၄၃.၃%)** | **၅၁(၄၂.၅%)** |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်** ။ ။ ကျေးရွာတွင် မြေယာပိုင်သော(အဆင်ပြေသော)အိမ်ထောင်စုမှာ နည်းပြီး ၎င်းတို့တွင် တိုက်ခံအိမ်၊ ကား၊ လက်တွန်းထွန်စက်၊ ဆိုင်ကယ်များကို ပိုင်ဆိုင်ကြပါသည်။ ဆင်းရဲနှင့် အလယ်အလတ်ရှိသော အိမ်ထောင်စုများတွင် နွား၊ ဆိုင်ကယ်၊ စက်ဘီး၊ တီဗီများ ပိုင်ဆိုင်ကြပါသည်။ ငါးဖမ်း လုပ်ငန်းများအတွက် လှေ၊ ပိုက်ကွန်များလည်း ရှိကြပါသည်။ အများစုတွင် လယ်ယာမြေပိုင်ဆိုင်မှု မရှိသ လောက်နည်းပါးကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၁.၅) ထိခိုက်လွယ်မှု

### (၁.၅.၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု% | ဖြေရှင်းသည့်နည်းဗျူဟာ |
|---|---|---|---|
| ၃ လအောက် | ၁၂ | ၄၀% | လုပ်အားခကြိုတင်ငွေယူခြင်းဖြင့် ဖြေရှင်း |
| ၃ လနှင့် ၆ လအောက် | ၁၀ | ၃၃.၃% | အပေါင်ဆိုင်နှင့် ချေးငွေများကြိုတင်ယူ ဖြေရှင်း |
| ၆ လ မှ ၁၂ လ အထိ | ၈ | ၂၆.၇% | အသိမိတ်ဆွေများမှ ချေးယူခြင်းဖြင့် ဖြေရှင်း |

ရင်းမြစ်..ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူခြင်း။

**လေ့လာတွေ့ရှိချက်** ။ ။ ကျေးရွာ၏ ဥစ္စာဓနအဆင့် ၃ နှင့် ၄ ကို ၃၀% ၏ ဝမ်းစာဖူလုံမှုကို မေးမြန်းရာတွင် အိမ်ထောင်စု(၁၂)စု၏ (၄၀%)ကိုလေ့လာရာတွင် လုပ်အားခငွေကို ကြိုတင်ငွေယူ၍ ဝမ်းစာအတွက် ဖြေရှင်း ရသည်။ အိမ်ထောင်စု(၈)စု၏ (၃၃.၃%)ကို လေ့လာရာတွင် အပေါင်ဆိုင်နှင့် ချေးငွေများမှ ချေးယူဖြေရှင်းခြင်း နှင့် အိမ်ထောင်စု(၈)စု (၂၆.၇%)မှာ လေ့လာရာတွင် အသိမိတ်ဆွေနှင့် ဆွေမျိုးထံမှ ချေးယူ၍ မိသားစုဝမ်းရေး အတွက်ဖြေရှင်းကြရသည်။ များသောအားဖြင့် ဝမ်းစာအတွက် ဖူလုံမှုမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၁.၅.၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သောအုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သောအုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို ၆၀ နှစ်နှင့်အထက် | - | - | - |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့်ပုဂ္ဂိုလ် | - | - | - |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | - | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | - | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | - | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက် ။** ။ ကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို(၆၀)နှစ်အထက်နှင့် မိသားစုစောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့်ပုဂ္ဂိုလ်များ မရှိကြောင်းတွေ့ရပါသည်။ အခြားဒေသသို့ ကြာမြင့်စွာ သွားရောက်လုပ်ကိုင်နေရသော မိသားစုဝင်များလည်း မရှိပါ။ ဆင်းရဲ၍ မိသားစုဦးရေများသည့် မုဆိုးဖို၊ တစ်ခုလပ် အိမ်ထောင်စုမှာ မရှိသလောက် နည်းပါးပါသည်။ အသက်(၆၀)နှစ်နှင့်အထက် သက်ကြီးရွယ်အိုများကို မိသားစုမှ ကောင်းစွာပြုစု စောင့်ရှောက်လျှက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၁.၅.၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | စားနပ်ရိက္ခာမဖူလုံမှု | မြင့် | ကျပန်းအလုပ်သမားများခြင်း၊ အလုပ်အကိုင်ရှားပါးခြင်း၊ ဆင်းရဲသောမိသားစုများခြင်း |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | လတ် | မြေယာမဲ့များခြင်း၊ ငွေကြေးမလုံလောက်ခြင်း၊ မြေယာနည်းပါးခြင်း |
| ၃ | ရေကြီးခြင်း | မြင့် | လှိုင်မြစ်ကမ်းခြေနဘေးတွင် တည်ရှိခြင်း |
| ၄ | မိုးခေါင်ခြင်း | နိမ့် | နှစ်စဉ်မိုးရေချိန်လက်မ (၈၀ မှ ၁၀၀)ကြားရရှိ |
| ၅ | အအေးလွန်ကဲခြင်း | လတ် | လှိုင်မြစ်ကမ်းဘေးတွင် တည်ရှိ၍ အအေးပိုပါသည်။ |
| ၆ | မုန်တိုင်း | လတ် | တစ်ခါတစ်ရံတွင်ကျရောက်တတ်ခြင်း |
| ၇ | လျှပ်စီး (ငလျှင်) | နိမ့် | တစ်ခါတစ်ရံတွင်ကျရောက်တတ်ခြင်း |
| ၈ | မီးဘေး | နိမ့် | မီးဘေးကာကွယ်သည့် အဖွဲ့အစည်းများရှိခြင်း |
| ၉ | ဆားငန်ရေဝင်မြေ | နိမ့် | မရှိပါ။ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု | မြင့် | မြစ်ရေတိုက်စားခြင်း၊မြေပြိုခြင်း၊ဓါတုပိုးသတ်ဆေးများ စနစ်တကျ သုံးစွဲခြင်း မရှိကြောင်း |
| ၁၁ | သစ်တောပြုန်းတီးခြင်း | လတ် | လောင်စာနှင့် အခြားလုပ်ငန်းများအတွက် ခုတ်ယူခြင်းကြောင့် |
| ၁၂ | ငှက်ဖျားရောဂါ | နိမ့် | ခြင်ကိုက်ခံရမှု နည်းပါးခြင်းကြောင့် |
| ၁၃ | တီဘီရောဂါ | နိမ့် | ကျန်းမာရေးဟောပြောပွဲများရှိခြင်း |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | နိမ့် | ကျန်းမာရေးဗဟုသုတရှိ၍ ကာကွယ်ကြပါသည်။ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | နိမ့် | မရှိပါ။ |
| ၁၆ | တီရှူးစ္စာန် ကူးစက်ရောဂါ ကျရောက်မှု | လတ် | ဝက်နားရွက်ပြာ၊ နွားခွါနာလျှာနာနှင့် မွေးမြူရေးအတွက် ကုသမှုနှင့် လက်လှမ်းမီရန် ခက်ခဲခြင်း |
| ၁၇ | လူကုန်ကူးခြင်း | နိမ့် | ကျေးရွာတွင် မရှိသလောက် နည်းပါးခြင်း |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေးခက်ခဲ စသည် | လတ် | ကျေးလက်ဆေးပေးခန်း မရှိသည့်အတွက် ပိုးထိခြင်း၊ အခြားအက်စီးဒင့်များအတွက် အချိန်မီ သွားရောက်နိုင်ရန် မြို့နယ်ဆေးရုံနှင့် အလွန်ဝေးကွာခြင်း |
| ၁၉ | အခြား | နိမ့် | မရှိပါ။ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက် ။** ။ ကျေးရွာတွင် ထိခိုက်လွယ်မှုမှာ ပျမ်းမျှအားဖြင့် အလယ်အလတ် အဆင့်တွင် သတ်မှတ်နိုင်ပါသည်။ လှိုင်မြစ်နဘေးတွင် နေထိုင်ကြသည့် မိသားစုများလည်းရှိသဖြင့် မြေပြိုခြင်းများနှင့် ရေကြီးရေလျှံခြင်းများကိုလည်း ခံရပါသည်။ တိရိစ္ဆာန် ကူးစက်ရောဂါများမှာ နွားခွါနာလျှာနာ ရောဂါနှင့် ဝက်နားရွက်ပြာနှင့် ကြက်တုပ်ကွေးများကိုလည်း ခံစားခဲ့ရပါသည်။ အိမ်ခြေ(၃၀)ခန့်သာ လျှပ်စစ်မီးရရှိထားကြပါသည်။ ကျန်မီးမရရှိသေးသည့် လူနေအိမ်များမှာ လောင်စာအဖြစ် သစ်ပင်များကို အသုံးပြုခြင်း၊ အခြားလုပ်ငန်းရှင်များ၏ ခုတ်လှဲခြင်းတို့ကြောင့် သဘာဝအရင်းအမြစ်တစ်ခုဖြစ်သော သစ်ပင်များလည်း ပျက်သုဉ်းရပါသည်။

### (၁.၅.၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၁) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | လူငယ် | လတ် | အရက်ဆိုင်၊ ကွမ်းယာဆိုင်များ အလွယ်တကူ ဝယ်ယူရနိုင်ခြင်း |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | လတ် | နေ့စဉ်ဝင်ငွေရလုပ်ငန်းမှာ အသင့်အတင့်သာ ရရှိပါသည်။ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် | အလုပ်အကိုင်ရှားပါးခြင်း၊ သဘာဝဘေး အန္တရာယ် ကျရောက်မှုရှိခြင်း |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသော ဒေသတွင်နေထိုင်သူ | လတ် | မြစ်ကမ်းဘေးနေထိုင်သူများ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | မြင့် | မြစ်ကမ်းဘေးတွင်နေထိုင်၍ မြစ်ကမ်းပြိုခြင်း၊ အခါလွန်မိုးများ ရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်း |
| ၆ | မတော်တဆမှု ဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် | နိမ့် | တစ်ခါတစ်ရံ မြစ်ကမ်းပါးပြိုခြင်း |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| | နေထိုင်သူများ | | |
| ၇ | ပြည်တွင်းနေရပ် စွန့်ခွာရွှေ့ပြောင်း ခံရသူများ (IDP) | နိမ့် | မရှိပါ။ |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | လတ် | ရေကြီးမှု ရှိခြင်း |
| ၉ | ငါးကန်ပိုင်ရှင် | နိမ့် | မွေးမြူရေး ဗဟုသုတ နည်းပါးခြင်း |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်း | မြင့် | မြေယာပိုင်ဆိုင်မှုနည်းခြင်း၊ ရေကြီးရေလျှံသော ကြောင့် အလုပ်အကိုင်ရှားပါးခြင်း |
| ၁၁ | လူနည်းစုလူမျိုးများ | နိမ့် | မရှိပါ။ |
| ၁၂ | ဒေသတွင်းပဋိပက္ခဧရိယာတွင် နေထိုင်သူများ | နိမ့် | မရှိပါ။ |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | နိမ့် | မရှိပါ။ |
| ၁၄ | ရွှေ့တွင်းလုပ်သား | နိမ့် | မရှိပါ။ |
| ၁၅ | ဆေးစွဲသူများ | နိမ့် | မရှိပါ။ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | နိမ့် | မရှိပါ။ |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်း သူများ | လတ် | ရေလုပ်သားများ ပေါများပါသည်။ |
| ၁၈ | နေရပ်ပြန် အခြေချသူများ | နိမ့် | မရှိပါ။ |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | နိမ့် | မရှိပါ။ |
| ၂၀ | ကားသမား | နိမ့် | မရှိပါ။ |
| ၂၁ | အခြား | နိမ့် | မရှိပါ။ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်** ။ ။ ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုဦးရေမှာ (၂၀%)ခန့် ရှိပါသည်။ စိုက်ပျိုး မွေးမြူရေးအတွက် အခက်အခဲအချို့ကိုလည်း တွေ့ရပါသည်။ ထို့အပြင် သဘာဝဘေးကိုလည်း ရံဖန်ရံခါ ခံစားကြရပါသည်။ နယ်စပ်ဒေသတွင် သွားရောက် လုပ်ကိုင်နေထိုင်သည့် အိမ်ထောင်စုဦးရေမှာ မရှိသဖြင့် ဆေးသုံးစွဲသူနှင့် ကူးစက်ရောဂါ ကျရောက်မှု မရှိပါ။ အမျိုးသမီးဦးဆောင်နိုင်သော ဆင်းရဲသည့် အိမ်ထောင်စုမှာ ကျေးရွာ၏ (၅%)သာရှိပါသည်။

## (၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

### (၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

#### (၂.၁.၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုး အစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် | ဦးဆောင် ဖွဲ့စည်း သူများ (၄/၅) | စွမ်း ဆောင် နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | | |
| ၁ | ဂေါပကအဖွဲ့ | ၂ | ၇ | ၃ | ၁၀ | ဘာသာရေး | ၄ | ၇ |
| ၂ | နာရေးကူညီမှု | ၂ | ၁၀ | - | ၁၀ | နာရေးတွင်ကူညီ ဆောင်ရွက်ရန် | ၄ | ၇ |

| စဉ် | အဖွဲ့အစည်း အမည် | အမျိုး အစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် | ဦးဆောင် ဖွဲ့စည်း သူများ (၄/၅) | စွမ်း ဆောင် နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | | |
| ၃ | ပရဟိတ | ၂ | ၁၀ | ၁၀ | ၂၀ | ရပ်ရွာ၏ ယဉ်ကျေးမှု၊ ဘာသာရေး၊ ဖွံ့ဖြိုးရေး | ၄ | ၇ |
| ၄ | ကာလသား | ၂ | ၂၀ | ၂၀ | ၄၀ | သာရေး၊ နာရေး၊ ဘာသာရေး၊ ဖွံ့ဖြိုးရေး၊ | ၄ | ၇ |
| ၅ | ရန်ပုံငွေရှာဖွေရေး | ၂ | ၇ | ၃ | ၁၀ | ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးနှင့် အခြားဝန်ဆောင် | ၄ | ၇ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေး အခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**ဦးဆောင်ဖွဲ့စည်းသူများ**

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

**အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ**

(၆) ကောင်း - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် တက်ရောက်မှုကောင်း၊ မှတ်တမ်းများကို စနစ်တကျ ထိန်းသိမ်းထားရှိခြင်း၊ ကျေးရွာတွင်းရှိ အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်မှု ရှိခြင်း။

(၇) သင့် - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် အသင့်အတင့် တက်ရောက်မှုရှိ၊ မှတ်တမ်းအချို့ စနစ်တကျ ထိန်းသိမ်းထားရှိခြင်း။

(၈) ညံ့ (အားနည်း) - ကြုံသလို အစည်းအဝေးကျင်းပခြင်း၊ မှတ်တမ်းအချို့သာ ထိန်းသိမ်းထားရှိခြင်း။

**လေ့လာတွေ့ရှိချက် ။** ။ ကျေးရွာတွင် အဖွဲ့ (၅)ဖွဲ့ ရှိပါသည်။ ထိုအဖွဲ့များတွင် ကျား၊ မ လူကြီး၊ လူငယ် အရွယ်စုံ ပါဝင်ကြပြီး ဘာသာရေး၊ သာသနာရေး၊ လူမှုရေးနှင့် အခြားဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အားတက်သရော ပါဝင်ကြပါသည်။ ယင်းအဖွဲ့အစည်းများတွင် ခေါင်းဆောင်များပါဝင်ကြပြီး ကျေးရွာ၏ရပ်မိရပ်ဖ၊ ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် ရွာဦးဆရာတော်တို့၏ အဆုံးအမအောက်တွင် လိုက်နာကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၂.၁.၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် |
|---|---|---|---|
| ၁ | | | |
| ၂ | | | |
| ၃ | | | |

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် |
|---|---|---|---|
| ၄ | | | |
| ၅ | | | |
| ၆ | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။**

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ - UK Aid, GIZ စသည်ဖြင့်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

**လေ့လာတွေ့ရှိချက် ။** ။ ကျေးရွာတွင် အခြားသောအဖွဲ့အစည်းများနှင့် ဘက်စုံဖွံ့ဖြိုးရေး အဖွဲ့အစည်းများမရှိပါ။ NGO ၊ အခြားအဖွဲ့အစည်းများနှင့် ချိတ်ဆက်ရန် နည်းပညာ၊ အသိပညာ၊ ဗဟုသုတ အားနည်းကြောင်း လေ့လာတွေ့ရှိရပါသည်။

### (၂.၂) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (၂.၂.၁) သီးနှံထုတ်လုပ်ရေး

### (၂.၂.၁.၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၅၁ | ၄၂.၅% | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ဧကအောက် | ၅၂ | ၄၃.၃% | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ဧကမှ ၅ ဧကထိ | ၁၀ | ၈.၃% | တောင်သူငယ် |
| ၄ | ၅ ဧကမှ ၁၂.၅ ဧက ကြား | ၇ | ၅.၈% | အလယ်အလတ်စား တောင်သူ |
| ၅ | ၁၂.၅ ဧက အထက် | - | - | တောင်သူကြီး |
| **ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း** | | **၁၂၀** | **၉၉.၉%** | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက် ။** ။ ကျေးရွာတွင် သီးနှံစိုက်ပျိုး ထုတ်လုပ်နိုင်သော မြေယာပိုင်ရှင်မှာ အသင့်အတင့်သာ ရှိပါသည်။ စိုက်ပျိုးမြေမဲ့ အိမ်ထောင်စုမှာ အလွန်များပြားပြီး အခြားအသက်မွေးဝမ်းကျောင်း ဝင်ငွေရလုပ်ငန်းကို လုပ်ကိုင်သူများပြားကြောင်း လေ့လာတွေ့ရှိရပါသည်။

### (၂.၂.၁.၂) အစိုးရနှင့် ပုဂ္ဂလိက ရေရင်းမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေရင်းမြစ်နှင့် ရေသွင်းဧရိယာ

| စဉ် | ရင်းမြစ် | အစိုးရ/ ပုဂ္ဂလိက | ရေသောက်ဧက | ရရှိနိုင်မှု | |
|---|---|---|---|---|---|
| | | | | တစ်နှစ်ပတ်လုံး/ ရာသီအလိုက် | လုံလောက်မှု(ရှိ/မရှိ) |
| ၁ | ဆည် | - | - | - | - |
| ၂ | ရေလွှဲဆည် | - | - | - | - |
| ၃ | မြစ်ရေတင်စီမံကိန်း | အစိုးရ | ၂၅ | ရာသီအလိုက် | ရှိ |
| ၄ | အဝီစိတွင်း | - | - | - | - |
| ၅ | လက်ငင်ရေတွင်း | - | - | - | - |
| ၆ | စိမ့်စမ်းရေ | - | - | - | - |
| ၇ | ချောင်းရေ | - | - | - | - |
| ၈ | အခြား | - | - | - | - |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

**လေ့လာတွေ့ရှိချက် ။** ။ ကျေးရွာတွင် သပြေတန်းလျှပ်စစ်မြစ်ရေတင် စီမံကိန်းကို ဆည်မြောင်းဝန်ကြီးဌာနမှ အကောင်အထည်ဖော်ပေးထားပြီး တောင်သူများကို ကူညီပံ့ပိုးပေးထားပါသည်။ ယင်းမြစ်ရေတင်စီမံကိန်းမှ လယ်သမားများသည် စိုက်ပျိုးရေးကို လုံလောက်စွာရရှိ၍ စိုက်ပျိုးသီးနှံများကို စိုက်ပျိုးနိုင်ကြသည်။

## (၂.၂.၁.၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်းစိုက်ဧက | သီးနှံထွက်မှု | | | | သီးနှံစိုက်ပျိုးသည့်ကာလ | | သွင်းအားစုလိုအပ်ချက် (နိမ့်/လတ်/ မြင့်) | အမြတ်ရရှိနိုင်မှု (နိမ့်/လတ်/ မြင့်) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | မှ | ထိ | | | |
| မိုးစပါး | ၅၇ | တင်း | ၇၀ | ၆၀ | ၅၅ | ဇွန် | အောက်တိုဘာ | လတ် | လတ် | ရာသီအလိုက်ဖျက်ပိုးဝင်ရောက်ခြင်း၊ ရာသီဥတုဖောက်ပြန်ခြင်း၊ မြစ်ရေကြီးခြင်း၊ ထွက်ရှိလာသောသီးနှံများအား ဈေးနှိမ်ဝယ်ယူခြင်းနှင့်သွင်းအားစုများကိုအချိန်မီ မဝယ်ယူနိုင်ခြင်းကြောင့် ဖြစ်ပါသည်။ |
| မတ်ပဲ | ၅၀ | တင်း | ၈ | ၁၂ | ၉ | အောက်တိုဘာ | ဒီဇင်ဘာ | လတ် | လတ် | |
| နွေစပါး | ၁၀ | တင်း | ၆၀ | ၅၀ | ၄၅ | ဇန်နဝါရီ | ဧပြီ | လတ် | လတ် | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက် ။** ။ ကျေးရွာရှိ စိုက်ပျိုးမြေ၏ သီးနှံအထွက်နှုန်းမှာ စပါးကိုအများဆုံး(၆၀)တင်းနှင့် အနည်းဆုံး(၇၀)တင်းကြားတွင် ထွက်ရှိပါသည်။ မြေဩဇာမှာ အသင့်အတင့်သာ ကောင်းမွန်ပါသည်။ သီးထပ်အဖြစ် မတ်ပဲကို လုပ်ကိုင်ကြပြီး အများဆုံး (၁၂)တင်းမှ အနည်းဆုံး(၈)တင်း အထိရရှိပါသည်။ မြေဆီ၊ မြေဩဇာအတွက် နွားချေး၊ ကြက်ချေးနှင့် ဓါတုသွင်းအားစုများကို သီးနှံအထွက်တိုးရန်အတွက် လက်လှမ်းမီသလောက် သီးနှံဖွံ့ဖြိုးရေးအတွက် အသုံးပြုကြပါသည်။ မြစ်ရေတင်စီမံကိန်းမှ ရေရရှိသော်လည်း နွေစပါးစိုက်ပျိုးမှုနည်းကာ မတ်ပဲကိုသာ အဓိကစိုက်ပျိုးကြောင်း လေ့လာတွေ့ရှိရပါသည်။

### (၂.၂.၁.၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

| စက်အမျိုးအစား | ပိုင်ဆိုင်မှု | | | | | စက်ကိရိယာငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက် | မှတ်ချက်/အခြေအနေ |
|---|---|---|---|---|---|---|---|
| | တစ်ဦးချင်းပိုင် | အဖွဲ့ပိုင် | | ရွာပိုင် | | | |
| | | အရေအတွက် | လယ်သမားဦးရေ | အရေအတွက် | လယ်သမားဦးရေ | | |
| ထွန်စက် | - | - | - | - | - | - | - |
| လက်တွန်းထွန်စက် | ၂ | - | - | - | - | - | အရစ်ကျဖြင့် ဝယ်ယူရပါသည်။ |
| အစေ့ချ ကိရိယာ | - | - | - | - | - | - | - |
| ရိတ်သိမ်းခြွေလှေ့စက် | - | - | - | - | - | - | - |
| ရိတ်သိမ်းစက် | - | - | - | - | - | - | - |
| ခြွေလှေ့စက် | - | - | - | - | - | - | - |
| ရေစုပ်စက် | ၁ | - | - | - | - | - | လက်ငင်းစနစ်ဖြင့် ဝယ်ယူရပါသည်။ |
| ခြေနင်းရေတင်စက် | - | - | - | - | - | - | - |
| မြက်ရိတ်စက် | ၂ | - | - | - | - | - | လက်ငင်းစနစ်ဖြင့် ဝယ်ယူရပါသည်။ |
| အခြား | - | - | - | - | - | - | - |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက် ။** ။ ကျေးရွာရှိ တောင်သူများမှာ စိုက်ပျိုးရေးအတွက် စက်ကရိယာများကို အပြည့်အဝ အသုံးပြုနိုင်ခြင်းမရှိပါ။ အချို့သော လယ်ယာသုံးပစ္စည်းများကို စက်မှုလယ်ယာ ကုမ္ပဏီကြီးများမှ အကြွေးစနစ်ဖြင့်ဝယ်ယူရပါသည်။ အချို့လယ်သမားများမှာ ငွေကြေးအခက်အခဲကြောင့် ဝယ်ယူသုံးစွဲနိုင်ခြင်း မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

### (၂.၂.၁.၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

| အခြေအနေ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| မြေ (စိုက်ပျိုးမြေ ရရှိနိုင်မှု၊ မြေဆီဩဇာ) | ပလပ်မြေနှင့် စားကျက်မြေ အသင့်အတင့် ရှိပါသည်။ နွားချေးနှင့် အခြားမြေဩဇာများ လည်းရရှိပါသည်။ |
| ရေရင်းမြစ် | သပြေတန်းလျှပ်စစ်မြစ်ရေတင်မှ စိုက်ပျိုးရန် ရေရရှိပါသည်။ |
| သဘာဝမြေဆွေး၊ အော်ဂဲနစ်မြေဩဇာ | သစ်ရွက်အမှိုက်များ၊ နွားချေးများမှ အလွယ်တကူ ရရှိပါသည်။ |
| အော်ဂဲနစ်/ဓာတုပိုးသတ်ဆေး | လက်လှမ်းမီ ဝယ်ယူနိုင်ပါသည်။ |
| ချေးငွေနှင့် ငွေကြေး | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ သမဝါယမဘဏ်မှ ချေးငွေရရှိပါသည်။ |

| အခြေအနေ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| ဝန်ဆောင်မှုများ | |
| နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ | မြန်မာ့သြဘာ၊ရွှေနဂါး၊စက်မှုလယ်ယာနှင့် တီဗွီ၊ အင်တာနက်တို့မှ စိုက်/မွေး နည်းပညာများကို ရယူပါသည်။ |
| သွင်းအားစု ဈေးကွက် | တိုက်ကြီးမြို့တွင် အလွယ်တကူ ရရှိနိုင်ပါသည်။ |
| ထုတ်လုပ်မှု ဈေးကွက်နှင့် ကုန်သွယ်မှု | ကျေးရွာအရောက် ကုန်သည်များလာရောက် ဝယ်ယူပါသည်။ အဆင်ပြေပါသည်။ |
| အခြား | - |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီး ဌာနများ။

**လေ့လာတွေ့ရှိချက် ။** ။ ကျေးရွာရှိ တောင်သူလယ်သမားများသည် သဘာဝအော်ဂဲနစ် မြေသြဇာအဖြစ် နွားချေး၊ ကြက်ချေးနှင့် ဆွေးမြေ့အမှိုက်များကို အသုံးပြုကြပါသည်။ ဓါတုပိုးသတ်ဆေးများကိုလည်း အကြွေး၊ လက်ငင်းစနစ်ဖြင့် သြဘာ၊ မြင်းကျား၊ ရွှေနဂါးတို့မှ သွင်းအားစုနှင့် မြေဆီ၊ မြေသြဇာများကို ဖြန့်ချိပေးပါသည်။ စိုက်ပျိုးရေးအသိပညာများကို တီဗွီ၊ အင်တာနက်မှ စိုက်ပျိုးရေးနည်းလမ်းကောင်းများကို လေ့လာ၍ စနစ်တကျ စိုက်ပျိုးကြပါသည်။

## (၂.၂.၁.၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| စိုက်ပျိုးမြေ တိုးချဲ့နိုင်မှု | စားကျက်မြေနှင့် ပလပ်မြေများ ရှိသော်လည်း အင်းအဖြစ်ပြုလုပ်ထားခြင်း |
| မြေဆီသြဇာ အခြေအနေ | ဓါတုမြေသြဇာများ သုံးစွဲခြင်းနှင့် နှစ်စဉ်ရေကြီး ရေလျှံမှုကြောင့် မြေဆီလွှာပျက်စီးမှု အသင့်အတင့် ရှိပါသည်။ |
| ငွေကြေးအရင်းအနှီး ရရှိနိုင်မှု | စိုက်ပျိုးရေးဘဏ်နှင့် သမဝါယမဘဏ်များမှ ချေးငွေရရှိပါသည်။ သို့သော် ပုံစံ(၇)နှင့် အသင်းဝင်ကန့်သတ်ချက်များကြောင့် အခက်အခဲ ရှိပါသည်။ |
| စိုက်ပျိုးရေး သွင်းအားစုများ အချိန်မီရရှိ အသုံးချနိုင်မှု | သွင်းအားစုများကို အလွယ်တကူ လက်လှမ်းမီပါသည်။ သို့သော် ငွေကြေးအခက်အခဲများကြောင့် အချိန်မှီ ဝယ်ယူသုံးစွဲနိုင်ခြင်း မရှိပါ။ |
| လုပ်သားရှားပါးမှု (ကျွမ်းကျင်သူ/ မကျွမ်းကျင်သူ) | သီးနှံစိုက်ပျိုးချိန်နှင့် ရိတ်သိမ်းချိန်များတွင် အလုပ်သမားများ ရှားပါးပါသည်။ ဝင်ငွေကောင်းသော မြို့ပြနှင့် နိုင်ငံခြားတွင် သွားရောက်လုပ်ကိုင်နေခြင်း |
| ရေရင်းမြစ်များ ရရှိနိုင်မှု | လျှပ်စစ်မြစ်ရေတင်စီမံကိန်း ရှိခြင်း၊ ဇကေအလိုက် ရေဖိုးပေးသွင်းရပါသည်။ |
| စိုက်ပျိုးရေ မလုံလောက်မှု | စိုက်ပျိုးမြေ အသင့်အတင့် လုံလောက်မှုသာ ရှိပါသည်။ |
| ဖျက်ပိုးနှင့် ရောဂါ | ဖျက်ပိုးနှင့် ရောဂါမှာ ရာသီအလိုက် သီးနှံများပေါ် ကျရောက်မှုရှိပါသည်။ |
| ဈေးကွက် လက်လှမ်းမီမှု | လက်လှမ်းမီသော်လည်း ဈေးနှုန်းများကို နှိမ်ဝယ်ကြပါသည်။ ဝင်ငွေမလုံလောက်ပါ။ |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | စိုက်ပျိုးရေးနည်းပညာပေး သူများလာရောက်မှု အားနည်းသောကြောင့် နည်းပညာဗဟုသုတ နည်းပါးပါသည်။ |
| အခြား | - |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီး ဌာနများ။

**လေ့လာတွေ့ရှိချက် ။** ။ ကျေးရွာတွင် တောင်သူလယ်သမား အများစုသည် စိုက်ပျိုးမြေများ တိုးချဲ့လုပ်ကိုင်လိုသော်လည်း စိုက်ပျိုးမြေ မရှိခြင်း၊ ရာသီဥတုဖောက်ပြန်ခြင်းကြောင့် ရေကြီးရေလျှံမှုဖြစ်ပေါ်၍ မြေဆီလွှာ

ပျက်စီးခြင်း၊ ရာသီအလိုက် သီးနှံဖျက်ပိုးများကျရောက်ခြင်း၊ သွင်းအားစုများအတွက် ငွေကြေးအရင်းအနှီး မလုံလောက်မှုကြောင့် လက်လှမ်းမီမှုရှိသော်လည်း အချိန်မီ အသုံးပြုနိုင်ခြင်းများကို တွေ့ရှိရပါသည်။ စိုက်ပျိုး

## (၂.၂.၂) မွေးမြူရေးလုပ်ငန်း

### (၂.၂.၂.၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | အိမ်ထောင်စု | ကောင်ရေ | မှတ်ချက်/အခြေအနေ |
|---|---|---|---|
| **မွေးမြူရေး** | | | |
| ခိုင်းနွား | ၅ | ၁၅ | ခိုင်းနွားများအတွက် လယ်ကန်သင်းမှ နွားစာရရှိခြင်း |
| နို့စားနွား | - | - | - |
| မြင်း | - | - | - |
| ကျွဲ | - | - | - |
| မြည်း | - | - | - |
| လား | - | - | - |
| ဆိတ် | ၄ | ၁၇ | တစ်နိုင်တစ်ပိုင် မွေးမြူထားခြင်း |
| သိုး | - | - | - |
| ဝက် | ၃၀ | ၈၄ | စီပီဝက်များကို တစ်အိမ်ထောင်စု လျှင်(၁၀)ခန့် စီးပွားဖြစ်မွေးမြူ |
| ကြက် | ၄၂ | ၃၀၆ | ။ |
| ဘဲ | ၃၁ | ၂၅၃ | ။ |
| နွားနောက် | - | - | - |
| အခြား | - | - | - |
| **ငါးလုပ်ငန်း** | | | |
| ငါးကန် | ၂ | ၃၀၀၀ | စီးပွားဖြစ် မွေးမြူထားခြင်း |
| ပုဇွန်ကန် | - | - | - |
| ဂဏန်းမွေးမြူရေးလုပ်ငန်း | - | - | - |
| ရေချို ငါးဖမ်းလုပ်ငန်း | - | - | - |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | - | - | - |
| အခြား | - | - | - |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်** ။ ။ ကျေးရွာရှိ ပြည်သူလူထုသည် မိသားစုစားဝတ်နေရေးအတွက် တစ်ပိုင်တစ်နိုင် နွား၊ ဝက်၊ ကြက်၊ ဘဲနှင့် ဆိတ်တို့ကို မွေးမြူထားကြပါသည်။ ငါးကန်နှင့် ပုဇွန်ကန်မွေးမြူရေးအတွက် လက်လှမ်း မီမှုမရှိပါ။ နွားစာများအတွက် မြက်ကို လယ်ကန်သင်းနှင့် အင်းအိုင်အတွင်းမှ ဒိုက်များကို ရှာဖွေ ကျွေးမွေးရပါသည်။ စီပီဝက်များနှင့် ကြက်တို့အတွက် အစာကို မြို့ပေါ်ရှိ မွေးမြူရေးအစာဆိုင်များမှ မိမိတို့ လက်လှမ်းမီသရွေ့ ဝယ်ယူကျွေးမွေးကြပါသည်။

### (၂.၂.၂.၂) မွေးမြူရေးကဏ္ဍ တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| **မွေးမြူရေး** | |
| စားကျက်မြေ | စားကျက်မြေမရှိပါ။ လယ်ကန်သင်းများမှ ရှာဖွေကျွေးမွေးရပါသည်။ |
| ရေရရှိမှု | ရေလုံလောက်မှု ရှိပါသည်။ |
| မျိုးတိရစ္ဆာန် လက်လှမ်းမီမှု | မွေးမြူရေးဦးစီးဌာနနှင့် အခြားမွေးမြူရေးလုပ်ငန်းရှင်များမှ ရရှိပါသည်။ |
| ချေးငွေ | ချေးငွေမရှိသူ အိမ်ထောင်စုများပြီး ကိုယ်ပိုင်အရင်းအနှီးဖြင့်သာ ဝယ်ယူရပါသည်။ |
| သွင်းအားစုဈေးကွက် | ကာကွယ်ဆေးနှင့် စီပီစာများ ရရှိပါသည်။ |
| ဝန်ဆောင်မှုဈေးကွက် | နည်းပညာများ မရရှိပါ။ တီဗွီနှင့် အင်တာနက်များမှ လေ့လာရပါသည်။ |
| ထုတ်ကုန်ရောင်းဝယ်မှု | ကုန်သည်များမှ ဝယ်ယူပေးပါသည်။ |
| အိမ်ခြံဝန်းအတွင်း မြေနေရာ လုံလောက်မှု | တစ်ပိုင်တစ်နိုင် စိုက်/မွေးရန် အသင့်အတင့် လုံလောက်ပါသည်။ |
| အခြား | မရှိပါ။ |
| **ငါးလုပ်ငန်း** | |
| ငါး/ပုဇွန် သားပေါက် လက်လှမ်းမီမှု | လက်လှမ်းမီမှု မရှိပါ။ |
| ချေးငွေ | မရှိပါ။ |
| သွင်းအားစု လက်လှမ်းမီမှု | မရှိပါ။ |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | စာဖတ်ခြင်း၊ အင်တာနက်များမှ ဗဟုသုတရှာဖွေရပါသည်။ သင်တန်းများ ဟောပြောပွဲများ မရှိပါ။ |
| ထုတ်ကုန်ရောင်းဝယ်မှု | ကျေးရွာများတွင် ရောင်းချကြပါသည်။ |
| အခြား | မရှိပါ။ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်** ။ ။ ကျေးရွာတွင် မွေးမြူရေးအတွက် နွားစာအဖြစ် လယ်ကန်သင်းများမှ ရိတ်ကျွေးကြပါသည်။ ကြက်၊ ဝက်၊ မွေးမြူရေးအတွက် မွေးမြူရေးလုပ်ငန်းရှင်များထံမှ မျိုးကောင်းမျိုးသန့်နှင့် စီပီစာဆေးဝါးများကို ဝယ်ယူရရှိနိုင်ပါသည်။ ကိုယ်ပိုင်ငွေ အရင်းအနှီးဖြင့် မွေးမြူကြပြီး မွေးမြူရေးနည်းလမ်းများကို တီဗွီ၊ အင်တာနက် မွေးမြူရေးအသိပေးချက်များမှ လေ့လာရရှိနိုင်ပါသည်။ သက်ဆိုင်ရာမွေးမြူရေးလုပ်ငန်းရှင်ကြီးများထံတွင် မွေးမြူရေးတိရစ္ဆာန်တို့၏ ကျန်းမာရေး၊ အစားအစာနှင့် ဆေးဝါး၊ ဗဟုသုတများကိုလည်း သွားရောက်လေ့လာနိုင်ပါသည်။ မွေးမြူရေးအတွက် ချေးငွေကို မည်သည့်အဖွဲ့အစည်းထံမှ မရှိသေးသဖြင့် စီးပွားဖြစ် မွေးမြူနိုင်ခြင်း မရှိသေးပါ။

## (၂.၂.၂.၃) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၂၁) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာနှင့်စိန်ခေါ်မှုများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| **မွေးမြူရေး** | |
| ချေးငွေရရှိနိုင်မှု | နည်းပါးသည်။ စီးပွားဖြစ် တိုးချဲ့မွေးမြူနိုင်ခြင်းမရှိပါ။ |
| ကူးစက်ရောဂါဖြစ်ပွားမှု | ကြက်တုပ်ကွေး၊ နွားခွါနာလျှာနာနှင့် ဝက်နားရွက်ပြာရောဂါများ ရှိပါသည်။ |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | မရှိပါ။ |

| ပြဿနာနှင့်စိန်ခေါ်မှုများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများအတွက် လိုင်စင်/ လေလံ လက်လှမ်းမီမှု | မရှိပါ။ |
| အခြား | မရှိပါ။ |
| **ငါးလုပ်ငန်း** | |
| ငါးဖမ်းခွင့်ရရှိနိုင်မှု | အင်းလေလံအောင်မြင်သူများ၊ လိုင်မြစ်အတွင်း ငါးဖမ်းခွင့်ရှိသူများ |
| ဈေးကွက်ရရှိနိုင်မှု | ရရှိနိုင်ပါသည်။ ကန့်သတ်ချက်များ ရှိပါသည်။ |
| အခြား | မရှိပါ။ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) မြို့နယ် မွေး/ကု ဦးစီးဌာန၊ မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာန။

**လေ့လာတွေ့ရှိချက် ။** ။ ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းအတွက် တစ်နိုင်တစ်ပိုင်မှ စီးပွားဖြစ်တိုးချဲ့လုပ်ကိုင်သော်လည်း ဈေးကွက်နှင့် နည်းပညာများ လုံလောက်စွာမရှိခြင်း၊ နှစ်စဉ်ကူးစက်ရောဂါများ ဖြစ်ပွားခြင်း၊ မျိုးကောင်းမျိုးသန့် လက်လှမ်းမီမှုအားနည်းခြင်းတို့ကြောင့် တိုးချဲ့မွေးမြူနိုင်ခြင်း မရှိသေးပါ။ ငါးဖမ်းလုပ်ငန်းများဖြင့် လုပ်ငန်းလိုင်စင်ရှိမှသာ လုပ်ကိုင်နိုင်ကြပါသည်။ မွေးမြူရေး တိရစ္ဆာန်များအတွက် ကူးစက်ရောဂါဖြစ်သော ဝက်နားရွက်ပြာ၊ ကြက်တုပ်ကွေးနှင့် နွားခွါနာလျှာနာ ရောဂါများဖြစ်ပွားကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၂.၂.၃) စိုက်ပျိုး မွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

### (၂.၂.၃.၁) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား (၂၂) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ (ထုတ်ကုန် လုပ်ငန်းနှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေအတွက် | ဝန်ထမ်း / အလုပ်သမားအရေအတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | - | - | - | - |
| ၂ | ထုတ်ကုန်လုပ်ငန်း | - | - | - | - |
| ၃ | လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေးဝေရေး | - | - | - | - |
| ၄ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | ၅ | - | ၅ | လတ် |
| ၅ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | - | - | - | - |
| ၆ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ) | ၃ | ၅ | ၃ | လတ်<br>(စက်ချုပ်လုပ်ငန်း လုပ်ကိုင်ခြင်း) |
| ၇ | လက်လီ-လက်ကားရောင်းဝယ်ရေး | ၆ | - | ၉ | လတ် |
| ၈ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | - | - | - | - |

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်းနှင့် ဝန်ဆောင်မှု) | လုပ်ငန်းအရေအတွက် | ဝန်ထမ်း / အလုပ်သမားအရေအတွက် | မိသားစုဝင်လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၉ | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး | ၅ | - | ၅ | လတ်<br>(ဆိုင်ကယ် ကယ်ရီဆွဲခြင်း) |
| ၁၀ | ငွေချေး ဝန်ဆောင်မှုလုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | - | - | - | - |
| ၁၁ | အိမ်ခြံမြေ ရောင်းဝယ်ငှားရမ်းခြင်း နှင့် ဆက်စပ်သောလုပ်ငန်းများ | - | - | - | - |
| ၁၂ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး) | - | - | - | - |
| ၁၃ | ပညာရေး | ၁ | ၂ | - | လတ် (ပုံမှန်ဝင်ငွေရရှိ) |
| ၁၄ | ကျန်းမာရေး | - | - | - | - |
| ၁၅ | လူမှုရေးလုပ်ငန်းများ | - | - | - | - |
| ၁၆ | အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သောလုပ်ငန်းများ | - | ၈ | - | မြင့်<br>(အလုပ်ကိုင်ရှားပါး) |
| ၁၇ | ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင်လုပ်ကိုင်သူများ (ဥပမာ - UN, INGOs, Companies. etc.,) | ၄ | - | ၄ | လတ် |
| | **စုစုပေါင်းအသက်မွေးလုပ်ငန်း လုပ်ကိုင်သူဦးရေ** | **၅၇** | **၁၅** | **၇၈** | - |

ရင်းမြစ် …(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေး မဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

**လေ့လာတွေ့ရှိချက် ။** ။ ကျေးရွာတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများဖြင့် အလွန်ရှားပါးပါသည်။ ဝင်ငွေရလုပ်ငန်းများအတွက် ငွေအရင်းအနှီး မလုံလောက်၊ အခြားဝင်ငွေရလုပ်ငန်းများကို စီးပွားဖြစ်တိုးချဲ့ လုပ်ကိုင်လိုသော်လည်း ချေးငွေရရှိမှုမှာ လက်လှမ်းမီမှု မရှိပါ။ နည်းပညာ၊ ဗဟုသုတများကိုလေ့လာရန်အတွက်မှာလည်း ခက်ခဲပါသည်။ ထို့ကြောင့် တစ်ပိုင်တစ်နိုင် လုပ်ကိုင်သော ဝင်ငွေရလုပ်ငန်းနှင့် အခြားဝင်ငွေရသော အငှား၊ ကျပန်းသမားများမှာ ကျေးရွာ၏ အိမ်ထောင်စုဦးရေ၏ (၅၀%)ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ အများစုမှာ ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် ချေးငွေနှင့် ထောက်ပံ့ငွေကို လိုလိုလားလား ရှိကြပါသည်။

## (၂.၂.၃.၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ

ဇယား (၂၃-က) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| လက်သမား | လမ်းပန်းဆက်သွယ်ရေးမှာ အသင့်အတင့်ကောင်းပြီး ရန်ကုန်မြို့သို့ တိုက်ရိုက် |
| စက်ချုပ် | ဆက်သွယ်နိုင်ပါသည်။ ကုန်သွယ်ရေးမှာ ကောင်းပါသည်။ လျှပ်စစ်မီးများလည်း |
| ဈေးဆိုင် | ရရှိပါသည်။ လုပ်ငန်းများတိုးချဲ့လုပ်ကိုင်ရာတွင် ရန်ကုန်-တိုက်ကြီးဈေးနှင့် |
| စက်ဘီးပြင်ဆိုင်၊ ကုန်သွယ်ရေး | ဆက်သွယ်ရေးကောင်းမွန်သောကြောင့် ကုန်သွယ်မှု ကောင်းမွန်ပါသည်။ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ်အုပ်စု။

**လေ့လာတွေ့ရှိချက် ။** ။ ကျေးရွာသည် ရန်ကုန်မြို့၊ တိုက်ကြီးမြို့တို့နှင့် ကုန်းလမ်းပို့ဆောင်ရေး၊ ရေကြောင်းပို့ဆောင်ရေးတို့ဖြင့် သွားရောက်နိုင်သော တိုက်ရိုက်လမ်းများ ပေါက်ရောက်မှုရှိပါသည်။ ထို့ကြောင့် လက်လီလက်ကား၊ ဖြန့်ချိရောင်းချ၊ ကုန်သွယ်ရေးတို့မှာ အဆင်ပြေလျက်ရှိပါသည်။ မိမိတို့၏ ကိုယ်ပိုင်ငွေအရင်းအနှီးဖြင့်သာ ပြုလုပ်ရသောကြောင့် စီးပွားဖြစ်တိုးချဲ့နိုင်မှု မရှိသေးပါ။ ချေးငွေရရှိရန်အတွက်လည်း စနစ်တကျဖွဲ့စည်းဆောင်ရွက်သွားရန် ရည်ရွယ်ချက်လည်းရှိပါကြောင်း လေ့လာတွေ့ရှိရပါသည်။

ဇယား (၂၃-ခ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် ပြဿနာနှင့်အခက်အခဲများ

| ပြဿနာနှင့်အခက်အခဲများ | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| ချေးငွေရရှိမှုနည်းပါးခြင်း | ထွက်ကုန်များအတွက် ဈေးကွက်လက်လှမ်းမီမှု မရှိပါ။ |
| အလုပ်သမားရှားပါးခြင်း | တိုးချဲ့လုပ်ကိုင်ရန်လည်း ချေးငွေနှင့် အသိပညာနည်းလမ်းကောင်းများ မရှိပါ။ |
| နည်းပညာဗဟုသုတနည်းခြင်း | မြို့ပေါ်ရှိ ဈေးကွက်နှင့် လက်လှမ်းမမီခြင်း။ |
| ဈေးကွက်မရှိခြင်း | |
| | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုး မွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက် ။** ။ ကျေးရွာတွင် ထွက်ကုန်အချို့အတွက် မြို့ပြ၏ဈေးကွက်နှင့် လက်လှမ်းမီမှု အနည်းငယ်သာရှိပါသည်။ ထွက်ကုန်များကို ကုန်သည်များမှ ဈေးနှိမ်ဝယ်ယူကြပါသည်။ ချေးငွေများမရရှိကြပါ။ နည်းပညာအခက်အခဲများကိုလည်း လေ့လာမှုအားနည်းခြင်းနှင့် နည်းပညာအသိပညာပေး အဖွဲ့အစည်းများ လာရောက်ခြင်း အားနည်းပါသည်။ ကျေးရွာတွင် အလုပ်သမားများသည် ဝင်ငွေလုံလောက်မှုအတွက် မြို့ပြနှင့် နိုင်ငံခြားတွင် သွားရောက်အလုပ်လုပ်ကိုင်နေကြောင်း၊ အလုပ်သမားများ ရှားပါးကြောင်း တွေ့ရှိရပါသည်။

## (၂.၃) ရွှေ့ပြောင်းလုပ်သားများ

### (၂.၃.၁) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

ဇယား (၂၄) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

| စဉ် | ပုံစံ | အိမ်ထောင်စု အရေအတွက် | လူဦးရေ | | | ပြည်တွင်း | | | ပြည်ပ | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| ၁ | ရွှေ့ပြောင်းလုပ်သား တစ်ဦးအနည်းဆုံးရှိသော အိမ်ထောင်စု | ၃၀ | ၂၀ | ၂၃ | ၄၃ | ၁၂ | ၁၇ | ၂၉ | ၈ | ၆ | ၁၄ |
| ၂ | ရွှေ့ပြောင်းလုပ်ကိုင်သော ကျေးရွာရှိလူဦးရေ | - | - | - | - | - | - | - | - | - | - |
| ၃ | ကျေးရွာပြင်ပသို့ ရွှေ့ပြောင်းမှုကာလ | | | | | | | | | | |

| စဉ် | ပုံစံ | အိမ်ထောင်စု အရေအတွက် | လူဦးရေ | | | ပြည်တွင်း | | | ပြည်ပ | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| | ၃ လ အထိ | - | - | - | - | - | - | - | - | - | - |
| | ၆ လ အထိ | - | - | - | - | - | - | - | - | - | - |
| | ၁၂ လ အထိ | - | - | - | - | - | - | - | - | - | - |
| | ၁၂ လ အထက် | - | ၂၀ | ၂၃ | ၄၃ | ၁၂ | ၁၇ | ၂၉ | ၈ | ၆ | ၁၄ |

ရင်းမြစ် …(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - စိုက်ပျိုး မွေးမြူရေး မဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက် ။** ။ ကျေးရွာတွင် ရွှေ့ပြောင်းလုပ်သား လုပ်ကိုင်လျှက်ရှိသော အိမ်ထောင်စု(၃၀)ခန့် ရှိပါသည်။ ယောကျ်ားလေး(၂၀)ယောက်နှင့် မိန်းကလေး(၂၃)ယောက် စုစုပေါင်းလူဦးရေ(၅၀)ရှိပါသည်။ မြို့ပြနှင့် နိုင်ငံခြားတွင် သွားရောက်၍ လုပ်ကိုင်သော လူဦးရေများသောကြောင့် ကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေနည်းပါးလာသည်။ ရွှေ့ပြောင်းသွားလာ၍ လုပ်ကိုင်သော ကျား၊ မ လူဦးရေ အများစုမှာ (၁၂)လ နှင့်အထက်တွင် ဖြစ်ကြပြီး မိသားစုစားဝတ်နေရေးအတွက် အဓိကဖြေရှင်းရသည်ကို တွေ့ရှိရပါသည်။

## (၂.၃.၂) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

ဇယား (၂၅) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

| စဉ် | အကြောင်းအရာ | လူဦးရေ |
|---|---|---|
| ၁ | ပိုမိုကောင်းမွန်သော အလုပ်အကိုင်နှင့် ဝင်ငွေ အခွင့်အလမ်းများ ရှာဖွေရန် | ၄၃ |
| ၂ | နိုင်ငံရေးနှင့်ဆိုင်သော အကြောင်းရင်း | - |
| ၃ | ဒေသတွင်း ပဋိပက္ခဖြစ်ပွားမှုကြောင့် လုံခြုံမှု မရှိသည့် အကြောင်းရင်း | - |
| ၄ | အခြား | - |

ရင်းမြစ် … အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက် ။** ။ ကျေးရွာတွင် ရွှေ့ပြောင်းသွားလာ၍ အဓိက အလုပ်လုပ်ကိုင်ရသော အကြောင်းရင်းမှာ ဝင်ငွေရရှိရေးနှင့် မိသားစု စားဝတ်နေရေး ဖြေရှင်းနိုင်ရန်အတွက် ဖြစ်ပါသည်။ ကျေးရွာနေ ပြည်သူလူထု၏ စားဝတ်နေရေးအတွက် ဝင်ငွေရသော လုပ်ငန်းနှင့် အခွင့်အလမ်း ရှားပါးမှုကြောင့် ဖြစ်ပါသည်။

## (၂.၃.၃) ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ

ဇယား (၂၆) ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

| စဉ် | အကြောင်းအရာ | အိမ်ထောင်စု အရေအတွက် | | | | |
|---|---|---|---|---|---|---|
| | | စုစု ပေါင်း | % ကျေးရွာအတွင်းရှိ စုစုပေါင်း အိမ်ထောင်စု | မြင့် | လတ် | နိမ့် |
| ၁ | ပြန်ပို့ငွေကို မှီခိုနေရသော အိမ်ထောင်စု အရေအတွက် | ၁၄ | ၁၁.၆၇% | - | ✓ | - |
| ၂ | ပြန်ပို့ငွေ လမ်းကြောင်းများ | | | | | |
| | - ငွေလွှဲလုပ်ငန်း (ဟွန်ဒီ) | - | - | - | - | - |
| | - ဘဏ် | ✓ | - | - | ✓ | - |
| | - လူကြုံဖြင့်လွှဲပို့ခြင်း | ✓ | - | - | ✓ | - |
| | - ငွေလွှဲလုပ်ငန်းနှင့် ဘဏ် | - | - | - | - | - |
| | - ငွေလွှဲလုပ်ငန်း၊ လူကြုံဖြင့်လွှဲပို့ခြင်း | - | - | - | - | - |

| စဉ် | အကြောင်းအရာ | အိမ်ထောင်စု အရေအတွက် | | | | |
|---|---|---|---|---|---|---|
| | | စုစု ပေါင်း | % ကျေးရွာအတွင်းရှိ စုစုပေါင်း အိမ်ထောင်စု | မြင့် | လတ် | နိမ့် |
| | - ဘဏ်နှင့် လူကြုံဖြင့်လွှဲပို့ခြင်း | - | - | - | - | - |
| | - ငွေလွှဲလုပ်ငန်း၊ ဘဏ်နှင့် လူကြုံ ဖြင့်လွှဲပို့ခြင်း | - | - | - | - | - |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက် ။** ။ ကျေးရွာတွင် ရွှေ့ပြောင်းလုပ်ကိုင်လျှက်ရှိသော မိသားစုများမှ ပြန်ပို့ငွေကို မှီခိုနေရသောအိမ်ထောင်စုမှာ(၁၄)စု ရှိပါသည်။ ၎င်းအိမ်ထောင်စုများမှာ ဘဏ်နှင့် လူကြုံများဖြင့် မိသားစုအား ပြန်လည်ပို့ဆောင်ကြပါသည်။

## (၂.၄) ကုန်စည်နှင့် ဝန်ဆောင်မှုဈေးကွက်

ဇယား (၂၇) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး | အကြီးစားဈေးကွက် |
|---|---|---|
| ရွာမှအကွာအဝေး (မိုင်) | တိုက်ကြီးမြို့မဈေး (၂၂)မိုင် | ရန်ကုန်မြို့ (၆၁)မိုင် |
| သယ်ယူပို့ဆောင်ရေး လမ်းကြောင်းနှင့် ၎င်း၏ အထောက်အပံ့များ | ကား၊ သဘော်၁၁၊ စက်လှေ၊ ဆိုင်ကယ်ဖြင့် သွားရသည်။ | မော်တော်ကား၊ ရထားဖြင့် သွားရသည်။ |
| ကုန်စည်အမျိုးအစားနှင့် ဝန်ဆောင်မှု ပေးနိုင်မှု | အမယ်စုံ | အမယ်စုံ |
| ဈေးအခြေခံ အဆောက်အဦနှင့် ဝန်ဆောင်မှု | ဈေးရုံ(၂၄)ရုံရှိပြီး၊ ဈေးဆိုင်ခန်း ပေါင်း (၉၈၇)ခန်းရှိ | အလွန်ကောင်းသည်။ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊ လယ်သမားအုပ်စု၊ အမျိုးသမီးအုပ်စု၊ စိုက်ပျိုးမွေးမြူရေး မဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

**လေ့လာတွေ့ရှိချက် ။** ။ ကျေးရွာသည် (၂၂)မိုင်ခန့်ကွာဝေးသော တိုက်ကြီးမြို့မဈေးနှင့် အနီးဆုံးဖြစ်၍ အကြီးစားဈေးကွက်မှာ ရန်ကုန်ဖြစ်ပါသည်။ ကုန်စည်များကို ဈေးမှ ကား၊ ဆိုင်ကယ်တို့ဖြင့် သယ်ယူပို့ဆောင်ကြပါသည်။ အမယ်စုံ ရရှိသည့်အတွက် ကျေးရွာနေပြည်သူလူထုအတွက် အဆင်ပြေပါသည်။ ကျေးရွာတွင် လက်လီ၊ လက်ကားဈေးဆိုင်များလည်း ရှိပါသည်။ ကုန်စည်နှင့် ဝန်ဆောင်မှု ဈေးကွက်လက်လှမ်းမီမှု အခြေအနေမှာဖြင့် ပြည်သူလူထုအတွက် အသင့်အတင့် ကောင်းမွန်ပါသည်။ အနီးဆုံးဈေးမှာ ဈေးရုံ(၂၄)ရုံရှိပြီး ဈေးဆိုင်ခန်းပေါင်း(၉၈၇)ခန်းရှိကာ ဈေးအဆောက်အဦး အလွန်ကောင်းမွန်ပြီး အကြီးစားဈေးကွက်၏ ဝန်ဆောင်မှုမှာ အလွန်ကောင်းမွန်မှု ရှိကြောင်းကိုလည်း လေ့လာတွေ့ရှိရပါသည်။

## (၂.၅) ငွေကြေး လက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား (၂၈) ငွေကြေး လက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

| ချေးငွေရရှိနိုင်သည့် နေရာ | ငွေကြေး ဝန်ဆောင်မှု အမျိုးအစား | ပြန်လည် ပေးဆပ်ရ မည့်ကာလ | အတိုးနှုန်း (လ) | အပေါင်ခံ ပစ္စည်း လိုအပ်မှု | ချေးငွေရရန် အခက်အခဲများ |
|---|---|---|---|---|---|

| ချေးငွေရရှိနိုင်သည့် နေရာ | ငွေကြေး ဝန်ဆောင်မှု အမျိုးအစား | ပြန်လည် ပေးဆပ်ရ မည့်ကာလ | အတိုးနှုန်း (လ) | အပေါင်ခံ ပစ္စည်း လိုအပ်မှု | ချေးငွေရရန် အခက်အခဲများ |
|---|---|---|---|---|---|
| အစိုးရဘဏ် (စိုက်ပျိုးရေးဘဏ်) | အစိုးရဘဏ် (စိုက်ပျိုးရေး ဘဏ်) | (၆)လ | (၀.၆၇)ပြား | ပုံစံ(၇) | ဝိုင်းကြီးတစ်ဦးလျှင်(၁၀၊ ၇) ယောက်ရှိပါသည်။ တစ်ဦး မကျေလျှင် ကျန်အဖွဲ့ဝင်များ ချေးငွေမရ ရှိပါ။ ပုံစံ(၇)ရှိမှ သာထုတ်ပေးပါသည်။ |
| ပုဂ္ဂလိကဘဏ် | သမဝါ ယမ ဘဏ် | (၆)လ | (၁.၅၀)ပြား | မလို | ကန့်သတ်ချက်ရှိ၍ လူတိုင်းမရပါ။ |
| ပုဂ္ဂလိက၊ အသေး စား၊ ချေးငွေဝန် ဆောင်မှုကဏ္ဍ | - | - | - | - | - |
| အဖွဲ့အလိုက်ငွေစု/ ငွေချေးအစီအစဉ် | - | - | - | - | - |
| ငွေချေးပေးသူ | - | - | - | - | - |
| အပေါင်ဆိုင် | အတိုးပေးသူ | (၄)လ | (၄)ကျပ် | လို | အပေါင်ပစ္စည်းရှိမှငွေချေးရ |
| မိတ်ဆွေနှင့် ဆွေမျိုးများ | - | - | - | - | - |
| အခြား | - | - | - | - | - |

ရင်းမြစ် … (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊ လယ်သမားအုပ်စု၊ အမျိုးသမီးအုပ်စု၊ စိုက်ပျိုးမွေးမြူရေး မဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူအုပ်စု၊ (၂) သက်ဆိုင်ရာ ငွေကြေးဝန်ဆောင်မှု ပေးသောအဖွဲ့များ။

**လေ့လာတွေ့ရှိချက် ။** ။ ကျေးရွာ၏ ငွေကြေးလက်လှမ်းမီမှု အခြေအနေတွင် စိုက်ဘဏ်၊ သမဝါယမဘဏ် နှင့် အခြားအပေါင်ဆိုင်၊ ဆွေမျိုးမိတ်ဆွေများမှ ချေးငွေ အသင့်အတင့် ရရှိပါသည်။ တောင်သူလယ်သမားများ သည်စိုက်ပျိုးသီးနှံအတွက် ချေးငွေကို (၁.၅၀)ပြားနှုန်းဖြင့် စိုက်ဘဏ်နှင့် သမဝါယမဘဏ်မှ ချေးငွေထုတ်ယူ ကြပါသည်။ ငွေချေးရာတွင် ပိုင်ဆိုင်မှုပုံစံ(၇)၊ အသင်းဝင်ကန့်သတ်ချက်များ ရှိပါသည်။ အပေါင်ဆိုင်နှင့် မိတ်ဆွေ၊ အမျိုးများထံမှ (၃)ကျပ် (၄)ကျပ် တိုးဖြင့် ချေးယူရပါသည်။ သို့သော် အပေါင်ပစ္စည်း လိုအပ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၂.၆) ပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှု

### (၂.၆.၁) ပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ

ဇယား(၂၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ

| အခက်အခဲ | အန္တရာယ်ရှိမှု (မြင့်/လတ်/နိမ့်) | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေဆီသြဇာ အခြေအနေ | လတ် | ဓါတုမြေသြဇာသုံးစွဲခြင်းနှင့် ရေကြီးမှုများရှိ |
| အပင်မျိုးစိတ်များ | မြင့် | ရာသီအလိုက် ဖျက်ပိုးများကျရောက်ခြင်း |
| ဖျက်ပိုးနှင့် ရောဂါကာကွယ် ထိန်းချုပ်မှု | လတ် | မီးရှို့ ဖျက်ဆီးရပါသည်။ |
| ရေရင်းမြစ် | နိမ့် | ဘက္ကရီးယားတိုက်ခြင်း၊ ဆေးချခြင်း |
| ငါးမျိုးကွဲများ | မြင့် | လူတို့ဖမ်းယူစားသောက်ကြပါသည်။ |
| အခြားတိရစ္ဆာန်မျိုးကွဲများ | လတ် | လူတို့ရှာဖွေစားသောက်မှုကြောင့်နည်းပါးသည်။ |

| အခက်အခဲ | အန္တရာယ်ရှိမှု (မြင့်/လတ်/နိမ့်) | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု | လတ် | စည်းကမ်းမရှိ၊ သတ်မှတ်နေရာမရှိ၊ မီးရှို့ဖျက်ဆီးမှုလည်း ရှိပါသည်။ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် သဘာဝအရင်းအမြစ် စီမံခန့်ခွဲမှုအတွက် အသိပညာ၊ ဗဟုသုတဖြင့် လက်လှမ်းမီမှု မရှိကြောင်းတွေ့ရပါသည်။ ရေကြီးရေလျှံမှုနှင့် ဇီဝပစ္စည်းများကို စနစ်တကျ အသုံးပြုမှုမရှိသောကြောင့် မြေဆီလွှာနှင့် မြေဩဇာပျက်စီးကြောင်း တွေ့ရှိရပါသည်။ သီးနှံဖျက်ပိုးနှင့် သွင်းအားစု ဈေးကွက်အတွက် လက်လှမ်းမီမှုရှိသော်လည်း တောင်သူများတွင် ငွေကြေးအခက်အခဲကြောင့် အချိန်မီ အသုံးပြုနိုင်ခြင်း မရှိပါ။ စွန့်ပစ်ပစ္စည်းများဖြစ်သော ပလပ်စတစ်နှင့် အခြားစွန့်ပစ်ပစ္စည်းများကို စွန့်ပစ်မှုတွင် နည်းစနစ်တကျ စွန့်ပစ်ခြင်း မရှိပါ။ ငါးမျိုးကွဲများအား လျှော့တိုက်ဖမ်းယူခြင်းများလည်းရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၂.၇) ပညာရေး

### (၂.၇.၁) ပညာရေးနှင့် စာတတ်မြောက်မှု

ဇယား (၃၀) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း

| အတန်းပညာပြီးမြောက်မှု | ကျား | မ | ပေါင်း | ၉ နှစ်နှင့်အထက် လူဦးရေ၏ % |
|---|---|---|---|---|
| စာမတတ်သူဦးရေ | ၅ | ၄ | ၉ | ၁၉% |
| ဘုန်းကြီးကျောင်းသင်ပညာရေး | ၂ | ၁ | ၃ | ၀.၆% |
| မူလတန်းပညာရေး မပြီးဆုံးသူဦးရေ | ၁၂၇ | ၁၂၉ | ၂၂၆ | ၅၄.၈% |
| မူလတန်းပညာရေး ပြီးဆုံးသူဦးရေ | ၆၆ | ၇၁ | ၁၃၇ | ၂၉.၃% |
| အလယ်တန်းပညာရေး ပြီးဆုံးသူဦးရေ | ၂၃ | ၂၂ | ၄၅ | ၉.၆% |
| အထက်တန်းပညာရေး ပြီးဆုံးသူဦးရေ | ၇ | ၆ | ၁၃ | ၂.၈% |
| တက္ကသိုလ်ပညာ ပြီးဆုံးသူဦးရေ | ၂ | ၂ | ၄ | ၀.၈% |
| **၉ နှစ်နှင့်အထက် လူဦးရေပေါင်း** | **၂၃၂** | **၂၃၅** | **၄၆၇** | **၉၉.၉%** |

ရင်းမြစ် …အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက် ။** ။ ကျေးရွာတွင် လူဦးရေစုစုပေါင်း(၄၆၇)ယောက်ရှိပါသည်။ စာမတတ်သူဦးရေမှာ ကျေးရွာရှိလူဦးရေ၏ (၀.၆%)၊ ဘုန်းကြီးကျောင်းပညာရေးကိုသာ သင်ကြားရပါသည်။ မူလတန်းပညာပြီးဆုံးသူ(၂၉.၃%)ဖြစ်ပြီး မူလတန်းပညာရေးမပြီးဆုံးသူ(၅၄.၈%)ရှိပါသည်။ အလယ်တန်းပညာရေး ပြီးဆုံးသူဦးရေမှာ(၉.၆%)၊ အထက်တန်းပညာရေး ပြီးဆုံးသူဦးရေ(၂.၈%)ရှိပါသည်။ တက္ကသိုလ်ပညာ ပြီးဆုံးသူဦးရေ (၀.၈%)ရှိပါသည်။ ကျေးရွာရှိ လူဦးရေအများစုသည် မိသားစုဝင်ငွေ အခက်အခဲများကို အဓိကဖြေရှင်းပေးရသောကြောင့် ပညာရေးအတွက် အခက်အခဲများရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ကျောင်းဝင်ကြေးနှင့် စာအုပ်၊ ခဲတံအချို့ကို ကျောင်းသားတို့၏ ကျောင်းစရိတ်ကို အပြည့်အဝထောက်ပံ့ မပေးနိုင်ကြပါ။ မိဘများမှာလည်း ထောက်ပံ့ပေးနိုင်မှု မရှိကြောင်း တွေ့ရပါသည်။ မိဘများ၏ ဝင်ငွေရလုပ်ငန်းနှင့် ဝင်ငွေနည်းပါးခြင်းကြောင့် ကလေးများအား ပညာရေးပြီးဆုံးသည်အထိ မထားနိုင်ဘဲ ကျောင်းထွက်နှုန်းများကြောင်း လေ့လာတွေ့ရှိရပါသည်။

### (၂.၇.၂) ကျောင်းတက်နှုန်း

ဇယား(၃၁) ကျောင်းတက်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း | စုစုပေါင်းကျောင်းနေအရွယ် လူဦးရေ၏% |
|---|---|---|---|---|
| မူလတန်း (၅-၉နှစ်) | ၂၂ | ၂၁ | ၃၃ | ၇၆.၄% |
| အလယ်တန်း (၁၀-၁၄နှစ်) | ၂၆ | ၄၉ | ၇၅ | ၁၅.၃% |
| အထက်တန်း (၁၅-၁၆ နှစ်ကြား) | ၂ | - | ၂ | - |
| တက္ကသိုလ် ကျောင်းသား၊ သူ | ၂ | - | ၂ | - |

ရင်းမြစ် ... (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

**လေ့လာတွေ့ရှိချက်** ။ ။ ကျေးရွာတွင် မူလတန်း(၅-၉)နှစ်အထိ စုစုပေါင်း ကျောင်းနေအရွယ်၏ (၃၃)ယောက် (၇၆.၄%)၊ အလယ်တန်း(၁၀-၁၄)နှစ်တွင် (၇၅)ယောက် (၁၅.၃%)၊ အထက်တန်း(၁၅-၁၆)နှစ်တွင် (၂)ဦးနှင့် တက္ကသိုလ်ကျောင်းသား၊ သူ(၂)ယောက် ရှိပါသည်။ ကျေးရွာ၏ စုစုပေါင်းကျောင်းနေအရွယ် လူဦးရေ၏ ရာခိုင်နှုန်းအောက်တွင် ကျဆင်းလျက်ရှိပါသည်။ ကျောင်းနေအရွယ်တွင် ကျောင်းမတက်နိုင်ဘဲ မိသားစု စားဝတ်နေရေးနှင့် ဝင်ငွေရရှိရန် ရာဖွေလုပ်ကိုင် စားသောက်ရသောကြောင့် ကျောင်းထွက်နှုန်းများ ပြားကြောင်း လေ့လာတွေ့ရှိရပါသည်။

**(၂.၇.၃) စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှုများ**

ဇယား (၃၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

| အကြောင်းအရာ | မူလတန်းကျောင်း | | | | | |
|---|---|---|---|---|---|---|
| ရွာမှအကွာအဝေး(မိုင်) | ကျေးရွာအတွင်းတွင်ရှိ | | | | | |
| သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု | ခြေလျင် | | | | | |
| စာသင်ကျောင်းအရွယ်အစား (အလျား၊ အနံ၊ အမြင့်) | အလျား(၁၂၀')၊ အနံ(၃၀')၊ အမြင့်(၁၈') | | | | | |
| အမိုး၊ နံရံ၊ အခင်း အရည်အသွေး | ကောင်း | | | | | |
| ကျောင်းသုံးပရိဘောဂ (လုံလောက်မှုရှိ/ မရှိ)နှင့် ကျောင်းအိမ်သာ အခြေအနေ | လုံလောက်မှု မရှိပါ။ အသင့်အတင့် ကောင်းမွန်ပါသည်။ | | | | | |
| ကျောင်းအာဟာရ တိုက်ကျွေးမှု (အာဟာရအမျိုးအစားနှင့် ကြိမ်ရေ) | (၁)လလျှင် (၂)ကြိမ် | | | | | |
| ကျောင်းဆရာဦးရေ | **ကျား** | **မ** | **ပေါင်း** | **ကျား** | **မ** | **ပေါင်း** |
| အစိုးရခန့် | ၂ | ၃ | ၅ | - | - | - |
| ကျေးရွာခန့် | - | - | - | - | - | - |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် အခြေခံမူလတန်းကျောင်းမှာ ကျေးရွာအတွင်းတွင် တည်ရှိပါသည်။ ခြေလျင်၊ စက်ဘီး၊ ဆိုင်ကယ်တို့ဖြင့် သွားကြပါသည်။ ကျောင်းဆောင်အရွယ်အစားမှာ အလျား(၁၂၀)ပေ၊ အနံ(၃၀)ပေ၊ အမြင့်(၁၈)ပေရှိပါသည်။ စာသင်ကျောင်းကို သွပ်မိုး၊ အုတ်ပတ်ကား၊ အင်္ဂတေအခင်းဖြင့် ဆောက်လုပ်ထားပါသည်။ ကျောင်းသုံး ပရိဘောဂ လုံလောက်မှုမရှိပါ။ ကျောင်းအိမ်သာ အခြေ အနေမှာ အတော်အသင့် ကောင်းမွန်ပါသည်။ ကျောင်းသားမိဘများမှ ကလေးသူငယ်များကို (၁)လလျှင် (၂)ကြိမ် အာဟာရ တိုက်ကျွေးမှုရှိပါသည်။ ကျောင်းတွင် အစိုးရမှခန့်အပ်ထားသော ကျောင်းဆရာ(၂)ဦး၊ ဆရာမ(၃)ဦး စုစုပေါင်း(၅)ဦးရှိပါသည်။ အစိုးရ၏ သတ်မှတ်အချိုးအတိုင်း ကျောင်းသားနှင့် ဆရာ အင်အား လုံလောက်မှုရှိပါသည်။ ကျောင်းတွင် ကလေးသူငယ်များအတွက် KG ကျောင်းဆောင်၊ ကစားကွင်းနှင့် သင်ထောက်ကူပစ္စည်းများမှာ ပြည့်စုံမှုမရှိပါ။ ကျောင်းတွင် လျှပ်စစ်ဓါတ်အားရရှိထားပြီး စက်တပ်ရေတုံကင် တစ်လုံးမှ ရေသုံးစွဲမှုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

### (၂.၇.၄) ပညာရေးအခက်အခဲနှင့်ပြဿနာများ

ဇယား (၃၃) ပညာရေး အခက်အခဲနှင့် ပြဿနာများ

| အခက်အခဲ/ ပြဿနာ | ရှင်းလင်းချက် |
|---|---|
| ကျောင်းဆရာ/မ ဦးရေ | (၅) ဦး |
| တပည့် - ဆရာ အချိုး | လုံလောက်မှု ရှိပါသည်။ ၄၀း၁ ပြည့်စုံမှု ရှိပါသည်။ |
| မူလတန်းပညာ ကျောင်းထွက်နှုန်း | ( %) |
| မသန်စွမ်းသူများအတွက် ပညာရေး အထူးအစီအစဉ် | မရှိပါ။ |
| ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာ | တစ်နှစ်ပတ်လုံး စားရေးကိရိယာ လုံလောက်မှု မရှိပါ။ |
| ဆင်းရဲသောမိသားစုများအတွက် ကျောင်းစရိတ်မတတ်နိုင်မှု | ကျောင်းဝင်ကြေးကို အစိုးရမှ အခမဲ့ရရှိသော်လည်း ရေးစာအုပ် အခက်အခဲ ရှိပါသည်။ |
| ကျောင်းအားကစားဆိုင်ရာ ပစ္စည်းများ လက်လှမ်းမီမှု | လက်လှမ်းမီမှု မရှိပါ။ |
| မိဘဆရာအသင်း၏ အခန်းကဏ္ဍ | သင့် |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

**လေ့လာတွေ့ရှိချက်** ။ ။ ကျေးရွာတွင် ဆရာ/ဆရာမ(၅)ဦးရှိပြီး နိုင်ငံတော်၏ သတ်မှတ်အချိုး နှင့် ကိုက်ညီမှုရှိပါသည်။ မူလတန်းပညာရေးတွင်ပင် ကျောင်းထွက်နှုန်း( %)ခန့် ရှိပါသည်။ မသန်စွမ်းသူများ မရှိပါ။ ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများအတွက် မိဘများမှ ငွေကြေးအခက်အခဲများကြောင့် တစ်နှတ်ပတ်လုံးစာအတွက် လုံလောက်မှု မရှိပါ။ ကျောင်းအပ်ခနှင့် စာအုပ်၊ ပေတံ၊ ခဲတံအနည်းကို အစိုးရမှ ကူညီထောက်ပံ့ပေးပါသည်။ ကျောင်းတွင် သင်ထောက်ကူပစ္စည်းများ၊ အားကစားကွင်း၊ ကေဂျီဆောင်နှင့် ဆရာ ဆရာမများအတွက် နားနေဆောင်များ မရှိပါ။ ကျောင်းသားမိဘများ၏ မိသားစုဝင်ငွေနှင့် အလုပ်အကိုင် ရှားပါးမှုကြောင့် ကျောင်းနေအရွယ်အချို့ ကျောင်းမတက်နိုင်သည်ကိုလည်း လေ့လာတွေ့ရှိရပါသည်။

## (၂.၈) ကျန်းမာရေးနှင့်အာဟာရ

### (၂.၈.၁) အဖြစ်များသောရောဂါများ

ဇယား (၃၄) အဖြစ်များသော ရောဂါများ

| စဉ် | ရောဂါ | ပျံ့နှံ့မှု/ဖြစ်ပွားမှု | | | မှတ်ချက် / သုံးသပ်ချက် |
|---|---|---|---|---|---|
| | | မြင့် | နိမ့် | မရှိ | |
| ၁ | ဝမ်းပျက်ဝမ်းလျှော | - | ✓ | - | ယင်လုံအိမ်သာများ မလုံလောက်ပါ။ |
| ၂ | သွေးလွန်တုပ်ကွေး | - | ✓ | - | ချုံနွယ်နှင့် ခြင်ခိုနိုင်သော ရေမြောင်း၊ ရေကန်များ မရှိပါ။ |
| ၃ | ငှက်ဖျား | - | - | ✓ | မရှိပါ။ |
| ၄ | အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ | - | - | ✓ | မရှိပါ။ |
| ၅ | HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ | - | - | ✓ | ကျန်းမာရေးဗဟုသုတရှိ၍ ရှောင်ရှား နိုင်ခြင်း |
| ၆ | တီဘီ | - | ✓ | - | ကျန်းမာရေးဗဟုသုတရှိကြပါသည်။ |
| ၇ | ဆီးချို | - | ✓ | - | ကျန်းမာရေးအသိပညာ အားနည်းခြင်း |
| ၈ | သွေးတိုး | ✓ | - | - | အငန်အလွန်စားသုံးခြင်း |

| စဉ် | ရောဂါ | ပျံ့နှံ့မှု/ဖြစ်ပွားမှု | | | မှတ်ချက် / သုံးသပ်ချက် |
|---|---|---|---|---|---|
| | | မြင့် | နိမ့် | မရှိ | |
| ၉ | အသည်းရောဂါ (ဘီ၊ စီ) | - | - | ✓ | ကျန်းမာရေးဗဟုသုတရှိကြပါသည်။ |
| ၁၀ | အာဟာရ ချို့တဲ့မှု | - | ✓ | - | စားဝတ်နေရေးအခက်အခဲကြောင့် |
| ၁၀ | အခြားကူးစက်နိုင်သော ရောဂါများ | - | - | ✓ | ကာကွယ်ဆေး လာရောက် ထိုးနှံပေး ပါသည်။ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ ကျေးလက်ကျန်းမာရေးဌာနခွဲ။

**လေ့လာတွေ့ရှိချက် ။** ။ ကျေးရွာတွင် ချုံနွယ်ထူထပ်ခြင်းနှင့် ယင်လုံအိမ်သာ မလုံလောက်ခြင်းကြောင့် ကလေးသူငယ်များနှင့် အရွယ်ရောက်ပြီးသော လူငယ်များတွင် ဝမ်းပျက်၊ ဝမ်းလျှောရောဂါ၊ သွေးလွန်တုပ်ကွေး ရောဂါများ အများဆုံးဖြစ်ပွားကြောင်း တွေ့ရပါသည်။ ငှက်ဖျား၊ အသက်ရှူလမ်းကြောင်းရောဂါ၊ တီဘီ၊ ဆီးချို၊ သွေးတိုးနှင့် အသည်းရောဂါ(ဘီ၊ စီ)ရောဂါမှာ အနည်းငယ်သာရှိပါသည်။ HIV,AIDS လိင်မှတဆင့် ကူးစက်နိုင်သော ရောဂါများနှင့် အခြားကူးစက်နိုင်သောရောဂါများ မရှိပါ။ မလတ်ဆတ်သော အစားအစာများ နှင့် ကျန်းမာရေးဌာန၏ ခွင့်ပြုချက်မရှိသော ဓါတုဆိုးဆေးပါသော အစားအစာများ စားသုံးခြင်း၊ ကျန်းမာရေး ဗဟုသုတနည်းပါးခြင်းတို့လည်း ရှိပါသည်။ အခြားသော ကူးစက်ရောဂါကြီးများအတွက် အစိုးရ၏ ကျန်းမာ ရေးဌာနမှာ ကာကွယ်ဆေးများကို (၁)နှစ်လျှင် (၂)ကြိမ် (၃)ကြိမ် လာရောက်ထိုးပေးကြပါသည်။

### (၂.၈.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၃၅) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

| စဉ် | ကာကွယ်ဆေးထိုးခြင်း | ရှိ | မရှိ | မှတ်ချက် / သုံးသပ်ချက် |
|---|---|---|---|---|
| ၁ | အဆုတ်ရောဂါ | - | ✓ | မဖြစ်ပွားပါ။ |
| ၂ | ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ | ✓ | - | ကျန်းမာရေးဌာနမှ ၁ နှစ်လျှင် ၂ ကြိမ် စီမံချက်ဖြင့် ဆေးထိုးခြင်း။ |
| ၃ | ပိုလီယိုရောဂါ | ✓ | - | ကျန်းမာရေးဌာနမှ ၁ နှစ်လျှင် ၂ ကြိမ် စီမံချက်ဖြင့် ဆေးထိုးခြင်း။ |
| ၄ | မေးခိုင် (ကိုယ်ဝန်ဆောင် ကာလ အတွင်း) | ✓ | - | ကျန်းမာရေးဌာနမှ ကိုယ်ဝန်ဆောင်မိခင်များအတွက် လိုအပ်သောကာကွယ်ဆေးများ စီမံချက်ဖြင့် ထိုးပေးသည်။ |
| ၅ | ဝက်သက်ရောဂါ | ✓ | - | ကျန်းမာရေးဌာနမှ လအလိုက်စီမံချက်ဖြင့် ဆေးထိုးခြင်း။ |
| ၆ | အခြားစုပေါင်းကာကွယ် ဆေးထိုးနှံမှု | - | ✓ | မရှိပါ။ |
| ၇ | အာဟာရ မှတ်တမ်းယူမှု (အရပ် အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်) | ✓ | - | စာသင်ကျောင်းများတွင် လာရောက် မှတ်တမ်းယူပါသည်။ |
| ၈ | အာဟာရပညာပေး အစီအစဉ် | ✓ | - | ကျန်းမာရေးဌာနမှ ဆောင်ရွက်ပေးပါသည်။ |

ရင်းမြစ် … (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက် ။** ။ ကျေးရွာတွင် မေးခိုင်ကာကွယ်ဆေး ကလေးငယ်များအားထိုးပေးပါသည်။ ပိုလီ ယိုရောဂါ၊ ဝက်သက်ရောဂါ ကာကွယ်ဆေးတို့ကိုလည်း ကလေးများအားလာရောက် ထိုးနှံပေးပါသည်။ အခြား စုပေါင်းကာကွယ်ဆေးထိုးခြင်း မရှိပါ။ ကိုယ်ဝန်ဆောင်သည်များအား တာဝန်ကျဆရာများမှ လာရောက်ထိုးနှံ

ပေးပါသည်။ အရပ်၊ အမြင့်၊ ကိုယ်အလေးချိန်၊ လက်မောင်းပတ်ခြင်းတို့ကို စာသင်ကျောင်းများတွင် လာရောက်မှတ်တမ်းယူကြောင်း လေ့လာတွေ့ရှိရပါသည်။

### (၂.၈.၃) ကျန်းမာရေးအထောက်အပံ့များ (ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၃၆) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

